ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၀၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးခင်မောင်ငွေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဘတ်ဂျက်ကော်မတီ အစည်းအဝေး။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ဆေးစစ်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်အစည်းအဝေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ စီမံကိန်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကော်မတီအစည်းအဝေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကျန်းမာရေး။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ဥယျာဉ်ခြံများတွင် စိုက်ပျိုးထားသော တောင်ထန်း ကုန်စည်အပေါ် သစ်တောခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး က ဥယျာဉ်ခြံများတွင် စိုက်ပျိုးထားသော တောင်ထန်း ကုန်စည်အပေါ် သစ်တောခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥယျာဉ်ခြံများတွင် စိုက်ပျိုးထားတဲ့ တောင်ထန်းကုန်စည်များအပေါ် သစ်တောခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြု/မပြုနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မှီတင်းနေထိုင်ကြတဲ့ ကရင်တိုင်းသားများသည် ၎င်းတို့ရဲ့ မိရိုးဖလာ လုပ်ငန်းစီးပွားဘဝ ရပ်တည်ရေးအတွက် ဥယျာဉ်ခြံငယ်များမှာ တောင်ထန်း၊ ဒညင်း၊ ဝါး၊ ဒူးရင်း စသည်တို့ကို စိုက်ပျိုးကြပါတယ်။ (၁)ဧကမှ (၅)ဧကထိရှိတဲ့ တောင်ထန်းခြံတွေကို ပိုင်ဆိုင်ကြပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် ကျေးရွာပေါင်း(၃၀)ကျော်နှင့် ကျိုက်ထိုမြို့နယ်တွင် ကျေးရွာ(၂)ရွာ စိုက်ပျိုးကြပါတယ်။ ကျန်တဲ့ဒေသများတွင်တော့ လုံးဝစိုက်ပျိုးခြင်းမရှိတာကို တွေ့ရှိရပါတယ်။

တောင်ထန်းကို ကျွန်တော်တို့ ဆင်းရဲသားအိမ်ငယ်များ၊ လယ်တဲများ၊ အမိုးအကာများမှာ သုံးစွဲကြပါတယ်။ တောင်ထန်းဖက်ထုတ်လုပ်တဲ့ရာသီမှာ ထန်းရွက်ခုတ်ခြင်း၊ ရက်လုပ်ရာတွင် အသုံးပြုတဲ့ ကျွန်တော်တို့ သက်ကယ်တံ(ဝါ) ဝါးချောင်းလေးတွေကို ထုတ်လုပ်ခြင်း၊ ခွဲခြမ်းရက်လုပ်ခြင်း သို့မဟုတ် ဖက်ပျစ်ခြင်းပေါ့၊ ဒေသအခေါ် ကျွန်တော်တို့ ဖက်ပျစ်တယ်လို့ခေါ်ပါတယ်။ ပြီးရင် တောင်ထန်းရဲ့ ထန်းလက်တွေကို ကျွန်တော်တို့က အကြောဖျာပြီးတော့ ထန်းကြောဖျာရက်လုပ်တဲ့ လုပ်ငန်းတွေ၊ ပြီးရင် ကျွန်တော်တို့ ဥယျာဉ်ခြံတွေကနေ စုရပ်အဝယ်ဒိုင်တွေကို နွားလှည်းနဲ့ သယ်ပို့ခြင်း၊ နောက်ပြီးတော့ ကျွန်တော်တို့ တောင်ထန်းကားတွေပေါ်တင်ခြင်း စတဲ့လုပ်ငန်းတွေကြောင့် ကျေးလက်နေ ကရင်တိုင်းရင်းသားပြည်သူတွေရဲ့ အလုပ်အကိုင်နှင့် ဝင်ငွေများရရှိ၍ လုပ်ငန်းစီးပွားရေးတွေ အဆင်ပြေခဲ့တာ ကို ကျွန်တော်တို့ ယခင် ဆယ်စုနှစ်များက တွေ့ရှိရပါတယ်။

ယခုအခါမှာ ကျွန်တော်တို့က ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စက်မှုဇုံများမှာရှိတဲ့ သွပ်ပြားစက်ရုံများမှ ထုတ်လုပ်တဲ့ အိမ်မိုးသွပ်ပြား ဈေးနှုန်းက ဈေးနှုန်းသက်သာစွာ လိုအပ်သလောက် ဝယ်ယူနိုင်ခြင်း စသည်တို့ကြောင့် တောင်ထန်းအစား သွပ်ပြားများဖြင့် အစားထိုးသုံးစွဲလာတာကို ကျွန်တော် တို့တွေ့ရှိရပါတယ်။ သုံးစွဲသူလျော့နည်းလာပြီးတော့ တောင်ထန်းဈေးနှုန်းလည်း ကျဆင်းတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်မှုကုန်ကျစရိတ် Production Cost ခေါ် အင်္ဂလိပ်လို ခွင့်ပြုပေးပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ ဈေးနှုန်းမကိုက်တဲ့ အခြေအနေများ ကျွန်တော်တို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ဝယ်ယူသုံးစွဲတဲ့ဈေးကွက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးရဲ့ ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်တွေ၊ ကျေးရွာတွေ၊ လယ်ယာလုပ်ငန်းတွေမှာ အသုံးပြုတဲ့ လယ်တဲတွေ ဆောက်လုပ်ရာမှာ တောင်သူလယ်သမားများက ဝယ်ယူတာကို တွေ့ရှိရပါတယ်။

၎င်းဒေသများကို ကျွန်တော်တို့ တောင်ထန်းများကို ကားတွေနဲ့တင်ပို့၍ ရောင်းချရာမှာ ကျွန်တော်တို့ သစ်တောခွန်ပေါ့၊ လမ်းမှာ ကျွန်တော်တို့ ကောက်ခံတဲ့ Transactional တွေပေါ့၊

အပိုကုန်ကျစရိတ်တွေရဲ့ ဒဏ်ကိုလည်း ကျွန်တော်တို့ ခံနေရပါတယ်။ ထိုအခြေအနေအရပ်ရပ်ကြောင့် တောင်ထန်းစိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့ ကျေးလက်နေ ကရင်တိုင်းရင်းသား ပြည်သူတွေရဲ့ လူမှုစီးပွားဘဝကြပ်တည်းမှုများကို ကျွန်တော်တို့ ရင်ဆိုင်နေရတာကို တွေ့ရှိရပါတယ်။

အဲဒီကြောင့်မို့ ကျွန်တော်တို့ ၁၉-၅-၂၀၁၄ နေ့မှာ တောင်ထန်းစိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့ ကရင်တိုင်းရင်းသား ပြည်သူများက ဒီတောင်ထန်းကုန်စည်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ကောက်ခံရမယ့် သစ်တောခွန်တွင် မပါရှိကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော့်ကို တင်ပြပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ၂၁-၅-၂၀၁၄ ရက်နေ့ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှခေါ်ယူတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ဒီဇယား(၅)နဲ့ ညီ/မညီပေါ့၊ သစ်တောခွန်ကောက်တဲ့နေရာမှာ ကျွန်တော် တင်ပြပါတယ်။ တင်ပြတဲ့နေရာမှာ ဝန်ကြီးချုပ်နဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒီသစ်တောဌာနက ဝန်ထမ်းကို မေးပါတယ်။ တောင်ထန်းက၊ ကျွန်တော့်ကိုလည်း မေးပါတယ်။ တောင်ထန်းက သစ်တောထွက်ပစ္စည်းလားပေါ့၊ ကျွန်တော်ကပြောတယ် တောင်ထန်းက သစ်တောထွက်ပစ္စည်း မဟုတ်ပါဘူး။

ကျွန်တော်တို့ (G)အမျိုးအစား ဥယျာဉ်ခြံတွေမှာ ကိုယ်တိုင်စိုက်တဲ့ အပင်ဖြစ်ပါတယ်။ သဘာဝပေါက်ပင်မဟုတ်ဘူးဆိုတာ ကျွန်တော် ရှင်းပြပါတယ်။ အဲဒီကြောင့် ကျွန်တော်တို့က ပြည်နယ်ဝန်ကြီးချုပ်နဲ့ လွှတ်တော်ဥက္ကဋ္ဌက ဒါက သစ်တောထွက်ပစ္စည်းလည်းမဟုတ်ဘူး၊ ကိုယ့်ခြံက ကိုယ်တိုင်စိုက်ပြီး ထုတ်လုပ်ရောင်းချတာဖြစ်တဲ့အတွက် သစ်တောဌာနနဲ့လည်းမဆိုင်ဘူး။ ပြီးတော့ ဇယား(၅)မှာလည်း မပါဘူး။ အဲဒီကိစ္စကို ဆွေးနွေးပြီးတော့ သစ်တောဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကို ပြောပါတယ်။ တာဝန်ရှိ ပုဂ္ဂိုလ်ကလည်း အထက်အဖွဲ့အစည်းကို ပြန်လည်တင်ပြရမယ်ဆိုပြီးတော့ ကျွန်တော်တို့ အဲဒီလောက်ပဲ သူ့အနေနဲ့ မဖြေကြားနိုင်တဲ့ အပိုင်းကိုတင်ပြတာကို တွေ့ရှိရပါတယ်။

အဲဒီကြောင့်မို့ ကျွန်တော်တို့ ဒီသဘာဝပတ်ဝန်းကျင်နဲ့ ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်ဖြေတာက ၁၉၉၂ ခုနှစ် အမိန့်ကြော်ငြာစာနဲ့ ကျွန်တော်တို့ ကောက်တယ်ဆိုတာကို ပြောပါတယ်။ အဲဒီကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိကာလမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲရဲ့ ရလဒ်အရ ပေါ်ထွန်းလာတဲ့ အစိုးရအဖွဲ့များအုပ်ချုပ်တဲ့ကာလက ယနေ့ဆိုရင် ကျွန်တော်တို့ (၄)နှစ်ကျော်သက်တမ်းထဲကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အဲဒီကြောင့်မို့လို့ လွှတ်တော်တွေကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ၊ မညီတဲ့ ဥပဒေများကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။

အဲဒီကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၈ နိုင်ငံတော်ရဲ့ အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များ ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမယ့် လမ်းညွှန်များဖြစ်သည်ဟု အတိအလင်းဖော်ပြတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံကနေပြီးတော့ မဲဆန္ဒရှင်ရဲ့ တိုင်းရင်းသား ပြည်သူတွေကိုယ်စား ကျွန်တော် မေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ အဲဒီကြောင့်မို့လို့ ကျွန်တော်တို့

မေးခွန်း(၁)ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနမှ ဥယျာဉ်ခြံများတွင် စိုက်ပျိုးသော တောင်ထန်းကုန်စည်အပေါ် သစ်တောထွက်ပစ္စည်းခွန် ကောက်ခံမှုသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမယ့် အခွန်အခများနှင့် ကိုက်ညီမှုရှိပါသလား။ မေးခွန်း(၂)ကတော့ တောင်ထန်းကုန်စည်အပေါ် သစ်တော အခွန်ကောက်ခံမှုသည် ၁၉၉၂ ခုနှစ် အမိန့်ညွှန်ကြားချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅)ကို ကျော်လွန်၍ အာဏာတည်မှုသည် တရားနည်းလမ်းကျမှု ရှိပါသလား။ မေးခွန်း(၃)ကတော့ ဇယား(၅)တွင် မပါသည့် တောင်ထန်းကုန်စည်အား သစ်တောခွန် ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ရဲ့ မေးခွန်းအပေါ် မှာ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(င)တွင် သစ်တောထွက်ပစ္စည်းဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်သော ပစ္စည်းများကို ဆိုသည်။ သစ်တောဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)တွင် အသေးစားသစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ အသေးစားသစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် သစ်တောထွက်ပစ္စည်းကိုဆိုသည်ဟု ဖော်ပြ ပြဋ္ဌာန်းထားရှိပါတယ်။

၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(က)မှာ ညွှန်ကြားရေးမှူးချုပ်ဟာ ဝန်ကြီးရဲ့ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် စပ်လျဉ်း၍ အသေးစားသစ်တောထွက်ပစ္စည်း အမျိုးအမည်ကို သတ်မှတ်နိုင်သည်ဟုလည်း ပြဋ္ဌာန်းထားရှိပါတယ်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဟာ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ(၇)ရက် ရက်စွဲပါ စာအမှတ်၊ ၂/၂၂၀(ဂ)(၃)(၁၂၃၂/၉၇)ဖြင့် ခွင့်ပြုချက်အရ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ(၁၇) ရက်စွဲပါစာများဖြင့် သစ်တောနယ်မြေ၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများမှာ ပေါက်ရောက်လျက် ရှိသော သို့မဟုတ် ထွက်ရှိသော အသေးစားသစ်တောထွက်ပစ္စည်း(၅၈)မျိုးရဲ့ စာရင်းကို သတ်မှတ်ခဲ့ပါတယ်။ တောင်ထန်းဟာ အမှတ်စဉ်(၂၂)မှာ ပါဝင်တာဖြစ်ပါတယ်။

သို့ပါ၍ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ (၆)လတစ်ကြိမ် အတည်ပြု သတ်မှတ်ပေးတဲ့ ဒေသပေါက်ဈေးရဲ့ (၂၅)ရာခိုင်နှုန်းကို ကောက်ခံလျက်ရှိပါတယ်။ မွန်ပြည်နယ်မှာ တောင်ထန်းတစ်ပျစ်ကို (၅)ကျပ်နှုန်းနဲ့ ကောက်ခံခြင်းဖြစ်ပါတယ်။ ဒီအပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အပေါ်မှာ ပါရှိတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၅၄ ဇယား(၅) ပါ ပြဋ္ဌာန်းချက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ သစ်တောများမှ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အခများတွင် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံသည့်အခွန်ဟု ဖော်ပြချက်အရ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ အပါအဝင် ကျန်အသေးစားသစ်တောထွက်ပစ္စည်းများလည်း ပါဝင်သည်ဟု ယူဆရမှာဖြစ်ပါတယ်။

သို့ပါ၍ တောင်ထန်းအပေါ် သစ်တောခွန်ကောက်ခံမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)ပါ ပြဋ္ဌာန်းချက်နှင့် သွေဖီခြင်းမရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေနဲ့အညီ သတ်မှတ်ထားတဲ့ အသေးစားသစ်တောထွက်ပစ္စည်း အမည်စာရင်းသည်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅) အခွန်ကောက်ခံရမည့်စာရင်းမှာ ပါရှိတဲ့ အချက်အရလည်းကောင်း၊ သစ်တောမြေနဲ့ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေပေါ်မှာ အသေးစားသစ်တောထွက်ပစ္စည်းများအပေါ် သတ်မှတ်ခြင်းဖြစ်၍ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေအရ အမိန့်ညွှန်ကြားချက်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား(၅)နှင့် ညီညွတ်မှုရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ကိုယ်ပိုင်ဥယျာဉ်ခြံမြေများမှ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်ထန်းများဖြစ်ပါက သဘာဝတောမှ ထွက်ရှိမှုမဟုတ်ကြောင်း ရှင်းလင်းကွဲပြားစေရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနများမှာ သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ထုတ်လုပ်ရောင်းဝယ်ဖောက်ကားပါက သစ်တောအခွန် ကောက်ခံခြင်းမှ ကင်းလွတ်မှုရနိုင်ပါတယ်။ သဘာဝအရင်းအမြစ်များဟာ နိုင်ငံပိုင်ဖြစ်သည့်အလျောက် စီးပွားရေးအလို့ငှာ ထုတ်လုပ်ရောင်းဝယ်သည့်အခါ နိုင်ငံတော်သို့ ထိုက်သင့်သည့်အခွန်ငွေ ပေးသွင်းရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်ထန်းအပါအဝင် သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းအပေါ်မှာ ကောက်ခံရရှိတဲ့ အခွန်ငွေများဟာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကို ပေးသွင်းကြရမှာဖြစ်ပါတယ်။ သစ်တောနယ်မြေနဲ့ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေမှာ ဖြစ်ပါက သတ်မှတ်ချက်နဲ့အညီ ဒေသပေါက်ဈေးရဲ့ (၂၅)ရာခိုင်နှုန်းကိုလည်းကောင်း၊ ကိုယ်ပိုင်မြေမှ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရရဲ့ သဘောထားအရလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဇယား(၁)(၂)(၅)ပါ ကိစ္စရပ်များနှင့် ပတ်သက်လို့ ပြည်ထောင်စုနဲ့တိုင်းဒေသကြီး၊ ပြည်နယ်များအကြားမှာလည်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဆက်စပ်မေးခွန်းလေး မေးချင်ပါတယ်။ ဒုတိယဝန်ကြီး ဖြေသွားတဲ့အပိုင်းမှာ ကျွန်တော်တို့ သစ်တောဇယား(၅)နဲ့အညီ ညီညွတ်မှုရှိတယ်ဆိုတဲ့အပိုင်းကို ကျွန်တော့်အနေနဲ့ နည်းနည်း

ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)မှာ ကျွန်တော်တို့ သစ်တောထွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများကို အတိအလင်း ဖော်ပြထားတာဖြစ်ပါတယ်။ ခုနက ကျွန်တော် ပြောသလို ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အခြေခံမူများ ပုဒ်မ ၄၈ မှာ နိုင်ငံတော်ရဲ့ အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များ ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အခြားဥပဒေ များပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမယ့် လမ်းညွှန်တွေဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အတိအလင်း ဖော်ပြထားတာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ သစ်တောဝန်ကြီး၊ ဒုတိယဝန်ကြီးဖြေတဲ့အပိုင်း ကျွန်တော်တို့ ဒီ ဖွဲ့စည်းပုံ အခြေခံမှာ အတိအလင်းဖော်ပြထားတဲ့ ကျွန်တော်တို့ အပိုင်းတွေ ကွဲလွဲမှုတွေရဲ့ ဝိရောဓိတွေနဲ့ ပတ်သက်လို့ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဤကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ မေးမြန်းခွင့်ရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအား မေးမြန်းခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ မေးမြန်းပြီးတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြ လိုပါတယ်။

နောက်တစ်ပိုင်းကလည်း ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရက ဝန်ကြီးကိုယ်တိုင် ကျွန်တော့်ကို ဒီမေးခွန်း မေးခိုင်းပါတယ်။ ကျွန်တော်တို့က လုံးဝ ဒီဟာကို ဥပဒေနဲ့ ထောက်ပြတဲ့ အတွက် ကောက်လို့မရဘူး ဆိုတာကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရရဲ့ ဝန်ကြီးကိုယ်တိုင်က ကျွန်တော်တို့ Focal Ministry Minister ဖြစ်တဲ့ သတ္တုနဲ့ သစ်တောဝန်ကြီးက ကျွန်တော်တို့ မေးခိုင်းတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုကော်မတီ အစည်းအဝေးမှာ သစ်တော ဝန်ကြီးဌာန က DG ဒေါက်တာညီညီကျော် နဲ့ ကျွန်တော် ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ သနပ်ခါးတို့ အရင်တုန်းက ကျွန်တော်တို့ ရော်ဘာပင် သက်တမ်းအိုတဲ့ ရော်ဘာပင်တွေ ကျွန်တော်တို့ ဒီတောင်ထန်းကုန်စည်ထက်ကို ပဏ္ဏာမများပါတယ်။ ဒီရော်ဘာပင်တွေကိုလည်း ကျွန်တော်တို့ အခွန်ကင်းလွတ်ခွင့်တွေ ပြုထားပါတယ်။ ကိုယ်တိုင်စိုက်ပျိုးတဲ့ သနပ်ခါးကိုလည်း အခွန်ကင်းလွတ်ခွင့်တွေ ပြုထားပါတယ်။ နောက် တောင်ထန်းဆိုတာက ကျွန်တော်တို့ဆီမှာ ဥယျာဉ်ခြံမှာ စိုက်တာဖြစ်ပါတယ်။ သစ်တောမှ သဘာဝပေါက်တာ မဟုတ်ပါဘူး။ နှစ်ရှည်ပင်တွေပါ။ ကျွန်တော်တို့ အစေ့ကို ကျင်းတူးပြီးစိုက်ရပါတယ်။

အဲဒါကြောင့်မို့ ဝန်ကြီးဖြေဆိုတဲ့အပိုင်းကို ရှင်းရှင်းလင်းလင်းကွဲပြားနေတဲ့ အတွက် ဥပဒေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့က အတိအလင်း ဖော်ပြထားတာကို ကျွန်တော့်အနေနဲ့ မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခြေခံဥပဒေခုံရုံးကို တင်ချင်လို့ရှိရင်တော့ လုပ်ထုံးလုပ်နည်းအတိုင်း တင်လိုက်ပါ။ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်လို့က အခုနက ဇယား(၅)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများထုတ်ယူတဲ့ ကောက်ခံသည့် အခွန်အခများ (က) ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊ (ခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့ အပေါ် ကောက်ခံသည့်အခွန် ဆိုတာ စသည်တို့သည် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊

ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက် ပစ္စည်း ဒါပဲပါတယ်။ ဒါ့အပြင် စသည်တို့ လုပ်လို့တော့ မရဘူး။ အဲဒီတော့ အခုနက အသေးစားသစ်တောထွက်ပစ္စည်းအနေနဲ့ ၉၂ သစ်တော ဥပဒေမှာ ပါနေတယ် ဆိုရင်လည်း ဒီဥပဒေပြင်ဖို့တော့ လိုမယ်။ နောက်တစ်ခုက မြေပြင်လက်တွေ့ အခြေအနေအရ ဒီတောင်ထန်း ဆိုတာ တကယ် ခြံမှာစိုက်တာဖြစ်တယ်။ သွပ်တွေ မပေါ်ခင်တုန်းကတော့ တောင်ထန်းလုပ်ငန်းက ကောင်းတယ်။ အခုတော့ တောင်ထန်းလုပ်ငန်း မကောင်းတဲ့အတွက် ဒါလည်းအခွန်မကောက်သင့်ဘူး ဆိုတဲ့ ပကတိ အခြေအနေ ရှိနေတဲ့အတွက် ပြန်ပြီးတော့ သုံးသပ်ပါ ဝန်ကြီးဌာန က။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကွမ်းယာစားသုံးသူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ကွမ်းယာဆိုင်များတွင် သတိပေးစာတမ်းများ ထားရှိနိုင်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ကွမ်းယာစားသုံးသူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ကွမ်းယာဆိုင်များ တွင် သတိပေးစာတမ်းများထားရှိနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီဆေးရွက်ကြီး ထုတ်ကုန်ဖြစ်တဲ့ စီးကရက်ဗူး တွေမှာ ကျန်းမာရေးနဲ့ပတ်သက်လို့ အသိပေးကြေညာချက်တွေ ပါပါတယ်။ ဒါပေမဲ့ ဒီလို အသိပေး ကြေညာချက် စီးကရက်ဗူးတွေမှာပါတဲ့ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက် နိုင်ပါသည်ဆိုတဲ့ ကြော်ငြာစာတမ်းပါတယ်။ ကျွန်တော်တို့ ဆရာဝန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ဒီလိုကျန်းမာရေးအသိပေးချက်တွေနဲ့ မလုံလောက်ဘူး။ ဟုတ်လား အဓိက ဒီကင်ဆာဖြစ်နေတဲ့ အနာကြီးတွေ၊ မသတီစရာခန္ဓာကိုယ်အစိတ်အပိုင်းကြီးတွေ၊ အနာရောဂါ ဖြစ်နေတာကြီးတွေ စီးကရက် ဗူးခွံမှာ ထည့်သွင်းဖော်ပြပေးဖို့ အမျိုးသားလွှတ်တော်မှာ တင်ပြတောင်းဆို ဖူးပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးကနေပြီးတော့ ဒီအစီအစဉ်ကို လုပ်ပေးပါမယ်။ စီးကရက်ဗူးတွေမှာ ဒီကင်ဆာဖြစ်နေတဲ့ အနာအစိတ်အပိုင်းကြီးတွေ ထည့်သွင်းဖော်ပြပေးပါမယ် လို့ အဖြေရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာဆေးရွက်ကြီးထုတ်ကုန်ဖြစ်တဲ့ ဆေးလိပ်စီးကရက်ကို သောက်သုံးမယ်ဆိုလို့ရှိရင် အသက်(၁၈)နှစ်ပြည့်ဖို့လိုပါတယ်။ ဒီဆေးလိပ်ဆေးရွက်ကြီးတွေ ဝယ်လိုက် မယ် ဆိုလို့ရှိရင်လည်း ကျန်းမာရေးဆိုင်ရာ အသိပေးကြေညာချက်တွေ၊ နောက် အခုနက ပြောတဲ့ ကင်ဆာဖြစ်နေတဲ့ အနာရောဂါ အစိတ်အပိုင်းကြီးတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးရွက်ကြီး သုံးဆောင်ဖို့အတွက် (၁၈)နှစ်အောက်လည်း ဖြစ်တယ်။ ဒီလိုအသိပေးကြေညာခြင်းတွေလည်း

မလိုချင်ဘူး ဆိုလို့ရှိရင်တော့ ကွမ်းယာစားသုံးပါလို့ ကျွန်တော်တို့ ပြောရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကွမ်းယာ စားသုံးဖို့က (၁၈)အောက်လည်း စားလို့ရပါတယ်။ ကွမ်းယာနဲ့ပတ်သက်လို့ ကျန်းမာရေးနဲ့ ပတ်သက်လို့ ဘာအသိပေး ကြေညာချက်တွေမှ မရှိပါဘူး။ ဒီကွမ်းယာထဲမှာပါတဲ့ ဒီ ဆေးရွက်ကြီးနှင့် လုပ်ထားတဲ့ ကွမ်းစားဆေး၊ နှပ်ဆေးမျိုးစုံဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဆေးရွက်ကြီးကို အဓိကထား ထုတ်ပါတယ်။ နောက်ပြီးတော့ တစ်ဖက်နိုင်ငံက လာတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဓာတုဗေဒပစ္စည်းတွေ ပါပါတယ်။

ဒါဟာလည်း ကျွန်တော် ဘာကြောင့်ပြောရလဲဆိုရင် တချို့လူငယ်တွေဟာ ကွမ်းကို တော်တော်လေး စားပါတယ်။ ဒါပေမဲ့ တချို့နိုင်ငံခြားတွေနဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေမှာ သွားပြီးတော့ အလုပ်လုပ်တဲ့အခါမှာ ကျန်းမာရေးဆေးစစ်တဲ့အခါမှာ ဆေးကျပါတယ်။ ဆေးကျတဲ့အခါမှာ မူးယစ် ဆေးဝါး သုံးစွဲတဲ့ပုံစံမျိုး ဆေးကျပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ကွမ်းအမြဲစားသုံးတဲ့သူတွေ၊ နိုင်ငံခြား ကပါတဲ့ ကွမ်းနှပ်ဆေး စားတဲ့သူ တော်တော်များများဟာ ဆေးကျနေတဲ့အနေအထား တွေ့ပါတယ်။ ဒါက ဒီကွမ်းစားဆေး၊ နှပ်ဆေးနဲ့ပတ်သက်တာပါ။ နောက်တစ်ခုကလည်း ကွမ်းရွက်နဲ့ပတ်သက်တာပါ။ ဒီကွမ်းရွက်တွေဆိုတာမျိုးက သက်နုပစ္စည်းဖြစ်တဲ့အတွက် အခုအချိန်မှာ ဆိုလို့ရှိရင် မြန်မြန်နဲ့များများ ထွက်အောင်ဆိုတဲ့အတွက် ဓာတုဗေဒပိုးသတ်ဆေးတွေ၊ ဓာတုဗေဒ အားဆေးတွေ အမြဲတမ်းဖျန်းနေရ တာပါ။ ဒီဓာတုဗေဒ ဆေးဖျန်းထားတဲ့ ဒီကွမ်းရွက်တွေကလည်း ဈေးကွက်ကို တိုက်ရိုက်ရောက်ရှိပြီးတော့ ကွမ်းစားသုံးသူရဲ့ ခန္ဓာကိုယ်ပါးစပ်ထဲကို တိုက်ရိုက်ကို ရောက်ရှိသွားတာဖြစ်ပါတယ်။

နောက်တစ်ခုက ကွမ်းသီးပါ။ ကွမ်းသီးက ခွဲလိုက်ပြီဆိုတာနဲ့ခဏနေကျရင် မှိုတက်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းက အများကြီးထွက်ပေမယ့် အဆင့်ဆင့်သယ်လာတဲ့အခါမှာ တစ်ဖက် နိုင်ငံ အထိသွားတယ်။ တစ်ဖက်နိုင်ငံကနေပြီး ကွမ်းစားဆေး နှပ်ဆေးပြန်လုပ်လာတယ်။ အဲဒီတော့ ကွမ်းက လမ်းခရီးမှာပဲ မှိုစွဲပါတယ်။ ကွမ်းသီးကလည်း မှိုတက်နေတဲ့ ရောဂါပါ။ အသည်းဆရာဝန်ကြီး တွေ ညွှန်းတာကတော့ မှိုပါလို့ရှိရင်တော့ ကင်ဆာပါပဲပေါ့နော်။ ဒါကြောင့် ကွမ်းသီးကလည်း မှိုပါတဲ့အတွက် ကင်ဆာ ဖြစ်နိုင်ပါတယ်။

နောက်တစ်ခုက ထုံးပါ။ ဒီထုံးနဲ့ ပတ်သက်လို့ကတော့ ဒီပါးစောင်အသားနုနုနဲ့ ကျောက်ကပ် မှာ ကင်ဆာဖြစ်ပါတယ် ဆိုတာမျိုး ကျွန်တော်တို့ ဒါတွေနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့လထဲမှာ သွားဆရာဝန် တစ်ယောက်က မြန်မာနိုင်ငံက သတင်းစာထဲမှာ အတိအလင်း ထုတ်ပြန်ထားတာပါ။ သူကပြောတာ ကတော့ ဒီဆေးလိပ်ကတော့ ကင်ဆာတစ်မျိုးတည်း တစ်ဆဖြစ်နိုင်ရင် ကွမ်းကပါတဲ့ ကွမ်းစားဆေးတွေ၊ ကွမ်းသီးတွေ၊ ကွမ်းရွက်တွေ၊ ထုံးတွေကြောင့် ကင်ဆာ(၄)မျိုးလောက်၊ (၄)ဆလောက်ကို ဖြစ်မယ်ဆိုတဲ့ သဘောကို ပြတာပါ။ အဲဒီတော့ တချို့ကပြောတယ်။ ပြောမယ်ဆိုရင်တော့ ကွမ်းစားတာက အခု ချက်ချင်းစားပြီး အခုချက်ချင်း ကင်ဆာဖြစ်လား ဆိုတော့ မဖြစ်ပါဘူး။ ပြောမယ်ဆိုရင် ငယ်ငယ်က စားပြီး နှစ်(၂၀)၊ (၂၅) လူလတ်ပိုင်းအရွယ်လောက်မှာ ဖြစ်တာပါ။ ဒါပေမဲ့ ကျွန်တော် အခုသတိထားမိတာက မြန်မာနိုင်ငံမှာ ကွမ်းစားနှုန်းဟာ တော်တော်လေးကို ငယ်ငယ်ရွယ်ရွယ် ဖြစ်နေပါပြီ။

ဥပမာ မြေလတ်ပိုင်း ပခုက္ကူတစ်ဝိုက်တွေနဲ့ ကရင်ပြည်နယ်တွေမှာ လူငယ်တွေဟာ အသက် (၁၂)နှစ်၊ (၁၃)နှစ် ဆိုရင် ကွမ်းစားနေပါပြီ။ အဲဒီတော့ ဘာဖြစ်သွားလည်းဆိုတော့ လူငယ်ဘ၀(၁၂)နှစ်၊ (၁၃)နှစ်မှာ ကွမ်းစားတဲ့သူက သူ့ ကြီးထွားဖွံ့ဖြိုးမှုနှုန်းက လိုသွားပါတယ်။ အဲဒီလူငယ်တွေဟာ (၁၉)၊(၂၀)

လောက်မှာ ရှိသင့်တဲ့ ခန္ဓာကိုယ်အချိုးအစား မရှိတော့ပါဘူး။ ဒီ(၂၀)ကျော်လောက်မှာ ငယ်ငယ်က ကွမ်းစားတဲ့လူငယ်တွေဟာ လှိုလာပါတယ်။ မြန်မာအမျိုးသားတွေတော်တော်များများဟာ ပိန်လှီတာနဲ့ ပတ်သက်လို့ ပြောစရာ ဖြစ်တဲ့အချက်တွေထဲမှာလည်း ဒီငယ်ငယ်ရွယ်ရွယ်နဲ့ ကွမ်းစားတာဟာလည်း အဓိကအချက်ပါပါတယ်။ ဒါကွမ်းစားခြင်း နဲ့ ပတ်သက်တဲ့ပြဿနာတွေပါ။

နောက် ကွမ်းထွေးခြင်းနဲ့ ပြဿနာရှိလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဒီကွမ်းထွေးခြင်းနဲ့ ပတ်သက်လို့ ဘာကန့်သတ်ချက်မှမရှိပါဘူး။ အားလုံးအရပ်(၈)မျက်နှာကို စိတ်တိုင်းကျ ကွမ်းထွေးခွင့် ရနေတာပါ။ ကျွန်တော်တို့ကားတွေနဲ့သွားနေရင်း လမ်းပေါ်လည်း ကားတွေပေါ်ကနေ ကွမ်းထွေးပါတယ်။ ဥပမာ ရန်ကုန်မှာဆိုရင် ကျွန်တော့်ကားလေးက အနိမ့်လေးဆိုလို့ရှိရင် ကျွန်တော့်ဘေးက ဘတ်စ်ကား မြင့်မြင့်ကြီးတွေနား မရပ်ရဲပါဘူး။ အဲဒီမှာ ဒရိုင်ဘာရော၊ စပယ်ယာရော၊ ခရီးသည်တွေရော အကုန် အလွယ်တကူ ကွမ်းထွေးနေတာပါ။ ဒါကတော့ သာမန်လူတန်းစားက ကွမ်းထွေးတာ။ ကျွန်တော်တို့ သာမန်ပုဂ္ဂလိ က လမ်းပေါ် သွားနေတဲ့ လူတွေလည်း ကိုယ့်ကားပေါ်ကနေ အလွယ်တကူ လမ်းပေါ်ကို ကွမ်းထွေးချနေတာပါပဲ။ ဒီလင်ခရူဇာလိုမျိုး ကားကြီးကားကောင်းတွေ စီးတဲ့လူကြီးလူကောင်းတွေ ကျတော့ မီးပွိုင့်မှာ ကားတံခါးဖွင့်ပြီး ကွမ်းထွေးပါတယ်။ ပြောရမယ်ဆိုရင် သူ့ကားပေါ်ကထွေးရင် သူ့ကားပေမှာစိုးတော့ ကားတံခါး ဖွင့်ပြီးတော့ မီးပွိုင့်မှာ သပ်သပ်ရပ်ရပ် ကွမ်းထွေးပါတယ်။ အဓိကတော့ လမ်းပေါ်ကို ထွေးတာပါ။ အဲဒီတော့ မြန်မာပြည်မှာ ကွမ်းထွေးခွင့်နဲ့ ပတ်သက်လို့ကတော့ စည်းမရှိ ကမ်းမရှိကို ထင်တိုင်းထွေးခွင့် ရနေတဲ့ သဘောပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဆေးလိပ်ကတော့ နိုင်ငံတကာရဲ့ပြဿနာပါ။ နိုင်ငံတကာ မှာ ဆေးလိပ်နဲ့ပတ်သက်လို့ အသိပေးမှုတွေ၊ သတိပေးမှုတွေလုပ်တဲ့နောက်ပိုင်း၊ ကြော်ငြာတွေ ကန့်သတ် တဲ့ နောက်ပိုင်းမှာ One Generation လောက်ကျတဲ့အခါမှာ ဆေးလိပ် သောက်သုံးမှုနှုန်းက ကမ္ဘာမှာ ကျသွားပါတယ်။ ဆေးလိပ်က နိုင်ငံတကာရဲ့ ပြဿနာပါ။ နောက်တစ်ခုက ပီကေ က စင်ကာပူရဲ့ ပြဿနာပါ။ စင်ကာပူမှာ ပီကေကို လုံးဝတားမြစ်ပါတယ်။ အဓိကတော့ သူက ကျန်းမာရေးရှုထောင့်က မဟုတ်ပါဘူး သူ့ရဲ့ပတ်ဝန်းကျင်သန့်ရှင်းရေး ရှုထောင့်ကနေပြီး ပီကေကို တားတာပါ။ တားတဲ့အခါမှာ One Generation လောက်ဖြစ်တဲ့အခါမှာ စင်ကာပူရဲ့ပီကေပြဿနာက အောင်မြင်သွားပါတယ်။

အဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပြဿနာက ကွမ်းပါ။ ကျွန်တော်တို့ကမ္ဘာပေါ်မှာ ကွမ်းစားသုံးမှု အများဆုံးနဲ့ စည်းကမ်းမဲ့ကွမ်းအထွေးဆုံးနိုင်ငံကို ရှာပါဆိုရင် ကျွန်တော်တို့ ဝဲယာ တောင်မြောက်ကို ရှာစရာ မလိုပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်ပါပဲ။ ဒါကြောင့် အခု ကျွန်တော်တို့မြန်မာနိုင်ငံမှာ အသက် (၁၅)နှစ်ကနေ (၅၀)ကြား လူငယ်တွေရဲ့ (၅)ရာခိုင်နှုန်းကျော်ဟာ ကွမ်းစွဲနေကြပါပြီခင်ဗျား။ အဲဒီကွမ်းတို့၊ ဆေးလိပ်တို့နဲ့ပတ်သက်တဲ့ ပြဿနာတွေက တခြားဝေးဝေးရှာစရာ မရှိပါဘူး။ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်ထဲမှာကို လွှတ်တော်အစပိုင်းမှာ ဆိုလို့ရှိရင် ဆေးလိပ်ကြိုက်တဲ့ ကိုယ်စားလှယ်ကြီးတစ်ဦးနဲ့ အခု လွှတ်တော် ဒီရက်ပိုင်းမှာဆိုလို့ရှိရင် ကွမ်းကြိုက်တဲ့ ကိုယ်စားလှယ်ကြီးတစ်ဦးဟာ ကျန်းမာရေး ဆိုင်ရာ ပြဿနာတွေ အကြီးအကျယ် ဖြစ်ပါတယ်။ သိန်းရာထောင်ချီပြီး အကုန်ခံပေမယ့် နောက်ဆုံး မှာတော့ လက်ပြနှုတ်ဆက် ထွက်ခွာသွားကြပါတယ်။

ဒါကြောင့် ဒီနေ့မြန်မာနိုင်ငံရဲ့ပြဿနာဖြစ်တဲ့ကွမ်းဟာ ဒီနေ့လုပ်ရင် ဒီနေ့ ပြဿနာဖြေရှင်းမှ မဟုတ်ပါဘူး။ ဒီနေ့ ခြေတစ်လှမ်းကို စလိုက်မှ နောက် Generation တစ်ခုကျမှ အောင်မြင်မှာဖြစ်ပါတယ်။

ကျွန်တော် အခု တင်ပြတာက ကွမ်းရောင်းတဲ့သူကို ကွမ်းမရောင်းဖို့ မဟုတ်ပါဘူး။ ကွမ်းစားတဲ့သူကို မစားဖို့ ကျွန်တော် တိုက်တွန်းနေတာ မဟုတ်ပါဘူး။ ကွမ်းရောင်းတာ၊ စားတာတွေနဲ့ ပတ်သက်လို့ ကျန်းမာရေးဆိုင်ရာ အသိပေးကြေညာချက်တွေ၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပေးကြေညာချက်တွေ ထည့်ဖို့ပါ။ အဲထည့်ဖို့ကျ စီးကရက်ကျတော့ စက်ရုံက ထွက်တဲ့အတွက် ကျွန်တော်တို့ တစ်ခါတည်း ကပ်ပေးလို့ရတယ်။ ကွမ်းက စက်ရုံထွက်မဟုတ်ဘူးပေါ့နော်။ ကွမ်းယာဆိုင်က ထွက်တာပါ။ ဒါကြောင့် ကွမ်းယာဆိုင်တွေမှာ ကျန်းမာရေးဆိုင်ရာ အသိပေးကြေညာချက်တွေ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင် ပါသည်ဆိုတဲ့ ကြေညာချက်တွေ၊ ကွမ်းထွေးခြင်းသည် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်ပါသည်ဆိုတဲ့ အသိပေးကြေညာချက်တွေ စကပ်ထားရင် First Generation၊ ပထမဦးဆုံး ခြေလှမ်းတစ်ခုကို လုပ်မယ်ဆိုရင် နောက် Generation၊ မျိုးဆက်လူငယ်တွေဟာ ကွမ်းပြဿနာတွေ၊ ပတ်ဝန်းကျင် ပြဿနာ၊ ကျန်းမာရေးပြဿနာတွေ ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် ယုံကြည်လို့တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ စေတနာနဲ့ပြောတာပဲ သည်းခံလိုက်ကြပါ။

**အောင်လံမြို့နယ်၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က အောင်လံမြို့နယ်၊ ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားပါသော ဧည့်သည်တော်များခင်ဗျား။ အားလုံးသို့ မင်္ဂလာ ပါလို့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို (၁၀၀)ဆံ့ ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ မကွေးတိုင်း ဒေသကြီး၊ အောင်လံမြို့နယ်ရဲ့ ပထဝီအနေအထားကို တင်ပြသွားလိုပါတယ်။ အောင်လံမြို့ဟာ ရန်ကုန်-ပြည်-မကွေး-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ မကွေးတိုင်းနယ်မြေ၏ တောင်ဘက်အဆုံး ဖြစ်ပါတယ်။ (က)အဆင့် မြို့နယ်ကြီးတစ်ခုဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၁၀၀)၊ ကျေးရွာပေါင်း(၂၄၉)ရွာ ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ရွှေ့ပြောင်းလူဦးရေစာရင်းအရ အိမ်ထောင်စု

ပေါင်း(၅၇၇၀၆)စုရှိပြီး လူဦးရေ(၂၃၄၉၄၇)ဦး ရှိနေပြီ ဖြစ်ပါတယ်။ အောင်လံမြို့တွင်းလမ်းအရှည် (၆)မိုင်ရှိပါတယ်။ လူဦးရေထူထပ်များပြားတဲ့ မြို့ကြီးတစ်မြို့ ဖြစ်နေပါပြီ။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပါတယ်။ ပညာရေးတိုးတက်ကောင်းမွန်ပါတယ်။ သို့သော် အခြေခံလူတန်းစားများ အတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အနေအထား တိုးတက်မြင့်မားလာရန် အထူးလိုအပ်လျက် ရှိကြောင်း ပဏာမတင်ပြလိုပါတယ်။

အောင်လံမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အဦကို မြို့နယ်သူ၊ မြို့နယ်သား များက ကိုယ့်အားကိုယ်ကိုးဖြင့် ၁၉၇၅ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ရေး ကာလ(၁၀)နှစ်ခန့် တဖြည်းဖြည်းကြိုးစားတည်ဆောက်ခဲ့ကြပါတယ်။ ဒီလိုမလျှော့သောဇွဲဖြင့် ကိုယ့်အား ကိုယ်ကိုး တည်ဆောက်ခဲ့ကြရာ ၁၉၈၅ ခု အောက်တိုဘာလ လ(၂၅)ရက်နေ့မှာ အောင်မြင်စွာ ဖွင့်လှစ် နိုင်ခဲ့ပါတယ်။ ဆေးရုံဧရိယာ(၇)ဧက ခန့်ရှိတဲ့အတွက် လုံလောက်သော မြေအကျယ်အဝန်းရှိပြီး ဖြစ်ပါတယ်။ မြို့နယ်ဆရာဝန်ကြီး(၁)ဦး၊ လက်ထောက်ဆရာဝန်(၂)ဦး၊ လက်ရှိ တာဝန် ထမ်းဆောင်လျက် ရှိပါတယ်။ လက်ရှိ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေအရ အခြေခံလူတန်းစားတွေမှာ အခက်အခဲ တွေ များစွာတွေ့နေရပါတယ်။ ဆေးဝါးတွေ အတော်အတန် ပြည့်စုံလာပေမယ့် ထိထိရောက်ရောက် အားကိုးလို့မရသေးပါဘူး။ အတော်အတန်ရောဂါဆိုရင် သရက်ဆေးရုံနဲ့ ပြည်ဆေးရုံများသို့ လွှဲပြောင်း ပေးလိုက်ပါတယ်။ အဲဒီအခါမှာ လူနာတွေဟာ အတော်လေးဒုက္ခရောက်ကြရတယ်။ ငွေကြေးပြည့်စုံတဲ့ လူတွေဆိုရင် ကိစ္စမရှိပါဘူး။ အခြေခံ လူတန်းစားတွေအနေဖြင့် ဆင်းရဲတဲ့ သူတွေများတဲ့အတွက် သွားလာတဲ့စရိတ်စက၊ တည်းခိုရတဲ့ စရိတ်က မတတ်နိုင်ကြပါ။

အချို့ဆိုရင် ဆေးရုံကပဲ အိမ်ပြန်လာပြီး အခြားသင့်ရာနည်းများဖြင့်သာ ကုသကြပါတော့ တယ်။ ယခုခေတ်မှာ ပြင်ပဆေးရုံတွေကို သွားရောက်ကုသမယ်ဆိုရင် လူနာတစ်ဦးစမ်းသပ်ခဟာ ကျပ်ငွေ (၅၀၀၀)မှ ကျပ်(၁၀၀၀၀)အထိ ရှိနေပါပြီ။ လူနာခန်းငှားရမ်းခတွေဟာလည်း အလွန်ဈေးကြီး နေပါတယ်။ ဒါကြောင့် ငွေကြေးပြည့်စုံသူတွေသာ ကုသနိုင်ပါတယ်။ ဆင်းရဲတဲ့ သူတွေအတွက် အဆင်မပြေပါဘူး။ မိမိမြို့၊ မိမိရပ်ရွာမှာပဲ ထိရောက်တဲ့ ကုသမှုကို ခံယူလိုကြတဲ့အတွက် အောင်လံမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)အဆင့်မှ ခုတင်(၁၀၀)ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးစေ လိုသော ဆန္ဒနဲ့ အထူးကုဆရာဝန် လိုချင်နေတဲ့ဆန္ဒတွေ မြို့နယ်ပြည်သူတွေမှာ ရှိနေကြပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး အောင်လံမြို့သူ၊ မြို့သားတွေရဲ့ အသံကို တင်ပြလိုပါတယ်။ အောင်လံပြည်သူ လူထု စကားဝိုင်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်မှာသွားပြီး အိပ်ပျော်နေသလဲ၊ မြို့အတွက် ဘာမှတင်ပြ တောင်းခံမပေးဘူး။ ယခု ပထမအကြိမ် လွှတ်တော်သက်တမ်း ကုန်ခါနီးနေပြီ။ လက်ရှိ လွှတ်တော်သက်တမ်း တစ်နှစ်ပဲကျန်တော့တယ်။ ဒါပေမဲ့ အောင်လံမြို့ပေါ်မှာ ထင်သာမြင်သာဘာမှ တိုးတက်မလာဘူး။ ရှိရင် လက်ညှိုးထိုးပြပါ။ နိုင်ငံတော်နဲ့လက်ရှိအစိုးရက ဘာတွေလုပ်ပေးသလဲ။ မြို့ပေါ်မှာ ဘာမှလုပ်မပေးဘူး။ နောက်အစိုးရပဲ မျှော်ဖို့ရှိတော့တယ်။ ကျေးလက်တွေမှာတော့ တော်တော်လေး လုပ်ပေးနေတာ ကြားရပါတယ်။ စသည်ဖြင့် ပြောဆိုနေကြပါတယ်။ ကျွန်တော်တို့ကို တော့ တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး။ အပြင်မှာ ပြောနေကြတာဖြစ်ပါတယ်။ တစ်ဆင့်စကား၊ တစ်ဆင့်နား ကျွန်တော်တို့ ကြားရတာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အချို့ပြည်သူတွေပြောနေတာဟာ နိုင်ငံတော်အစိုးရအပေါ် လိုလို့ပြောတာပဲ ဖြစ်ဖြစ်၊ မလိုလို့ ပြောတာပဲဖြစ်ဖြစ်၊ ရာခိုင်နှုန်းပြည့်မှားတယ် လို့တော့ မပြောနိုင်ပါဘူး။ အမှန်တကယ်ပဲ မြို့ပေါ်မှာ ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်တာမရှိသေးပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ အောင်လံမြို့နယ်၊ ကျေးလက်ဒေသတွေမှာမွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်လမ်းတွေအများကြီး တည်ဆောက်ပေးခဲ့ပါပြီ။ ထိုနည်းတူ ကျန်းမာရေးဝန်ကြီးဌာနကလည်း တိုက်နယ်အနှံ့ တိုက်နယ်ဆေးရုံတွေ၊ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲ အဆောက်အဦတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒီလိုတည်ဆောက်ပေးနေတဲ့အတွက် အောင်လံမြို့နယ် ကျေးလက် ပြည်သူတွေက နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အထူးပင်ကျေးဇူးတင် ဂုဏ်ပြုလျက် ရှိကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။ ဒါလည်းပဲ ကျွန်တော့်အနေဖြင့် ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကျေးလက်ပြည်သူတွေရဲ့ ရင်တွင်းခံစားချက်ကို အမျိုးသားလွှတ်တော်နှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနတွေ မျှဝေခံစားနိုင် အောင် ထပ်လောင်း၍ ဂုဏ်ပြုတင်ပြရခြင်းပဲ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အောင်လံ မြို့နယ်မှာ ဧရာဝတီမြစ်ကူးတံတား၊ ကောလိပ်သိပ္ပံကျောင်းတစ်ကျောင်း၊ မြို့ရှောင်ကွင်းလမ်း စတာတွေ တောင်းခံနေတာ ကြာပါပြီ။ ဘာတစ်ခုမှ မရသေးပါ။ ခုတင်(၁၀၀)ဆေးရုံရရှိရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးတို့ အောင်လံမြို့နယ်ရောက်ရှိစဥ်ကပင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထူးကု ဆရာဝန်ကြီးများရှိတဲ့ မကွေးမြို့နဲ့ မိုင်(၁၀၀)နီးပါး၊ ပြည်နယ်တိုင်းခြားပြည်မြို့နဲ့ (၄၅)မိုင် ဝေးကွာပါသဖြင့် အခြေခံလူတန်းစား များရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိ ရောက်ရောက် မြှင့်တင်နိုင်ရေးအတွက် အောင်လံမြို့နယ် ခုတင်(၅၀)ဆေးရုံကို အထူးကုဆရာဝန် အချို့ပါရှိသော ခုတင်(၁၀၀)အဆင့်ဆေးရုံ အဖြစ်သို့ အဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကြားဖြတ်ပြီးတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျွန်တော်တို့ မေးခွန်းတွေမေးမြန်းတဲ့အခါမှာ ကျွန်တော်တို့အဆင်မပြေတာလေးတွေ တော်တော် များများ ဖြစ်နေပါတယ်။ ကျွန်တော်တို့ ဒီအစိုးရတစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြားမှာ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ကဏ္ဍ အလိုက် လုပ်ငန်းအစီအမံတွေကို အကောင်အထည်ဖော်တဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေ၊ စီမံကိန်း၊ စီမံချက်များ နဲ့ အညီ လုပ်ဆောင်နိုင်ရန် ကျွန်တော်တို့ အတွင်းဝန်များရုံးကို ပြန်လည် ဖွဲ့စည်းတော့မှာ ဖြစ်ပါတယ်။ ဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးအမှူးများဟာ အစိုးရယန္တရားကို ဦးဆောင်မောင်းနှင်မယ့် Key Driver တွေ ဖြစ်လာကြမှာပါ။ တစ်နည်းအားဖြင့် အတွင်းဝန်ရာထူးကို ဆက်ခံမယ့် အရာရှိကြီးတွေ ဖြစ်လာမှာဖြစ်ပါတယ်။ အမြဲတမ်းအတွင်းဝန်တွေဆိုတာ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီး ရွေးကောက် တင်မြှောက်၍ ကိုယ်စားပြုပြီးရောက်ရှိလာသော ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများ နဲ့ ဝန်ကြီးများ အကြား လုပ်ငန်းကဏ္ဍများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားနိုင်ရန်အတွက် လုပ်ငန်းတာဝန်များကို စဥ်ဆက်မပြတ်ရေးအတွက် ကျွမ်းကျင်ပိုင်နိုင် စွာ စီမံလုပ်ကိုင်ပေးရခြင်း ပင် ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်အတွင်းဝန်များဟာ Middleman ပင်ဖြစ်ပါတယ်။ အမြဲတမ်း အတွင်းဝန် များဟာ အစိုးရယန္တရားကို စဥ်ဆက်မပြတ်အောင်မောင်းနှင်ကြရမယ့် Key Driver များဖြစ်ကြတဲ့အတွက် မည်သည့်အစိုးရတက်သည်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ မျှော်မှန်းချက် Vision နဲ့ ကဏ္ဍအလိုက် စီမံကိန်း၊

စီမံချက်တွေကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ အညီ ဆက်လက်ဆောင်ရွက်သွားနိုင်ကြမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ခြင်းမရှိတာတွေ မပြောပါနဲ့။ မေးခွန်းထဲမှာပါတာပဲ မေးပါ။

**ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်ဆေးရုံတွင် လစ်လပ်နေသော မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်နှင့် သွားဘက် ဆိုင်ရာ ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးရန်နှင့် ဓာတ်မှန်စက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်ဆေးရုံတွင် လစ်လပ်နေသော မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်နှင့်သွားဘက်ဆိုင်ရာ ဆရာဝန်များ အမြန်ဆုံး ခန့်ထားပေးရန်နှင့် ဓာတ်မှန်စက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်မှာ ခန့်ထားပေးတဲ့မြို့နယ်ဆရာဝန်ကို ၂၀၁၄၊ နိုဝင်ဘာလမှာ အစားထိုးဆရာဝန် မရောက်ရှိသေးဘဲ ပြောင်းရွှေ့ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ မပြောင်းရွှေ့မီကာလမှာလည်း ပြည်နယ်နဲ့ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနတို့ရဲ့ ညွှန်ကြားချက်နဲ့ မဖြစ်မနေတက်ရောက်ရမယ့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အကြောင်းကိစ္စအမျိုးမျိုးဖြင့် သွားလာနေရတာကြောင့် မယ်စဲ့မြို့နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ပိုင်းဟာ ရက်အနည်းငယ်သာ ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့နယ်ဟာ ပြည်နယ်မြို့နဲ့ အဝေးဆုံးဖြစ်ပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမြဲတမ်းဆရာဝန်အဖြစ် ခန့်ထား ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အကြောင်းကိစ္စအမျိုးမျိုးနဲ့ ဌာနနဲ့ သက်ဆိုင်တဲ့ ပြည်နယ်၊ နေပြည်တော်သို့ သွားရမယ်ဆိုရင် မြို့နယ်ဆရာဝန် သို့မဟုတ် လက်ထောက်ဆရာဝန်များ တစ်ဦးဦး ကျန်ရှိမှသာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါတယ်။ မြို့နယ်ဆေးရုံမှာ အခြားအဆင့် ရာထူးအလိုက် နေ့စားဝန်ထမ်းပါမကျန် ခန့်ထားပေးပါသော်လည်း အဓိကလိုအပ်ချက်ဟာ မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်နဲ့ သွားဆရာဝန်များ အမြန်ဆုံး ခန့်ထားပေးရန် လိုအပ်ပါတယ်။

တစ်ဆက်တည်း မေးမြန်းလိုတာကတော့ ဓာတ်မှန်ကျွမ်းကျင်နဲ့ ဓာတ်မှန်စက်တည်ရှိပြီးဖြစ်သော်လည်း ဓာတ်မှန်စက် ပျက်နေတာကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရသူများ အရေးပေါ်လာရောက်ချိန်မှာ မြို့နယ်ဆေးရုံက မဆောင်ရွက်ပေးနိုင်တာကြောင့် လွိုင်ကော်ဆေးရုံသို့ လွှဲပြောင်းပေးရပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်တွင် လစ်လပ်လျက်ရှိသော မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်နဲ့ သွားဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ရန်နှင့် ဓာတ်မှန်စက်တပ်ဆင်ပေးရန် သို့မဟုတ် ပျက်နေသောစက်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းအား လိုအပ်သလို

စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖာပွန်မြို့နှင့် ကမမောင်းမြို့ရှိ ဆေးရုံများတွင် လူနာတင်ယာဉ်(၂)စီး ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က ဖာပွန်မြို့နှင့် ကမမောင်းမြို့ရှိ ဆေးရုံများတွင် လူနာတင်ယာဉ်(၂)စီး ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ပဏာမဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီကနေပြီးတော့ လွှတ်တော်နားတဲ့အချိန်မှာ ပြန်တဲ့အခါ မှာ ကျွန်တော်တွေ့ခဲ့ရတဲ့ အနေအထားလေးတစ်ခုကို တင်ပြလိုပါတယ်။ ဒါကတော့ ကိုယ်တိုင်ကိုယ်ကျ မြို့နယ်ဆရာဝန်၊ ခွဲစိတ်ဆရာဝန်တွေဟာ ကျွမ်းလို့ရှိရင် တောင်ပေါ်က ကလေးနဲ့မိခင်တွေဟာ အသက်ရှင်သလို မကျွမ်းလို့ရှိရင် တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဖာပွန်မှာ တာဝန်ကျခဲ့ဖူးတဲ့ မြို့နယ်ဆရာဝန်ဦးအောင်ဆန်း ဆိုတာရှိတယ်။ သူကတော့စကားပြောတော့ဆိုးတယ်။ ဒါပေမဲ့ ခွဲစိတ်က တစ်အားတော်တယ်။ တစ်အားတော်တဲ့ အခါကျတော့ ဘာဖြစ်သလဲဆို တောင်ပေါ်တိုင်းရင်းသားတွေနဲ့ ခုနလိုပေါ့ ကိုယ်ဝန်ရှိတဲ့အမျိုးသမီးတွေနဲ့ တွေ့လို့ရှိရင် သူက ပညာပေးပြီးတော့ ဆုံးမပြီးတော့ သူ က သေသေချာချာလည်း ခွဲစိတ်ပေးတယ်။ ခွဲစိတ်ပေးတဲ့အခါကျ သူတို့က အဆင်ပြေကြတယ်။ ဒါပေမဲ့ ဘာအခက်အခဲရှိလည်းဆိုတော့ အရေးပေါ် ဒီလိုခွဲစိတ်ဆရာဝန်မျိုး ခုနခွင့်သွားတဲ့ဟာပဲ ဖြစ်ဖြစ်၊ အပြင်သွားတဲ့အခါ ရန်ကုန်သွားတဲ့အခါ ဖြစ်လို့ရှိရင် ကျွန်တော်တို့က ဘာအခက်အခဲရှိသလဲဆိုတော့ တပ်က ဆရာဝန်သွားပြီးတော့ ခေါ်ရတယ်။ သွားခေါ်ပြီးတော့ ခုနလိုပေါ့ ခွဲစိတ်ကြတယ်ပေါ့လေ။

ဒါကြောင့်မို့လို့ ဆရာဝန်ကြီး ပြန် လာတဲ့အခါကျတော့ ကျွန်တော်က ဆရာကြီးဦးအောင်ဆန်း ရန်ကုန်လေး၊ ဘာလေးသွားလို့ရှိရင်လည်း နည်းနည်းလေးပြောသွား၊ ဟာပြောပါတယ်တဲ့၊ အဲဒါနဲ့ သူက လည်း မဟုတ်ဘူး။ ဒီမှာ ခရိုင်ဆေးရုံကြီး ဖွင့်နေပြီ၊ ဖွင့်နေတဲ့အတွက်ကြောင့် ဒါကို ခင်ဗျား။ ဒီကနေပြီးတော့ ပြည်သူလူထုတောင်းဆိုတဲ့အတွက်ကြောင့် ဆရာကြီး ဦးအောင်ဆန်း ခင်ဗျား ခရိုင်ဆရာဝန်ကြီး အနေနဲ့ ပြန်လာပါလား၊ ကျွန်တော်တို့ အထက်ကိုတင်ပြပေးမယ်။ ဟာ မလုပ်ပါနဲ့ ခင်ဗျာတဲ့ နေပါစေတဲ့။ ဒါပေမဲ့ တကယ်အရေးကြုံလာတဲ့ အခါကျတော့ ကျွန်တော်တို့အရင်တုန်းကတော့ မသွားနိုင်ပါဘူး။ ဒီကနေ ကုန်းကြောင်းနဲ့ပဲ၊ လှေနဲ့ပဲသွားရတယ်။ အခုကျတော့ လမ်းခရီးအနေနဲ့ ဖာပွန်နဲ့ ကမမောင်းက ကျွန်တော်တို့ (၂)နာရီကျော်၊ (၂)နာရီခွဲလောက်ပဲ မောင်းရသလို ကမမောင်းနဲ့ ဖားအံကျတော့လည်း

(၂)နာရီလောက်ဆိုရောက်တာ၊ (၃)နာရီခွဲလောက်ဆို ဒါ ဖားအံကို ရောက်ပါတယ်။ ဒါကြောင့်မို့လို့ တကယ်အရေးပေါ်ဖြစ်လာတဲ့အခါမှာ သွားနိုင်အောင်အတွက် ဖာပွန်မြို့က ဆေးရုံရယ်၊ ကမမောင်းမြို့က ဆေးရုံရယ်၊ ဒါအရေးပေါ် လူနာတင်ယာဉ် ကား(၂)စီးလိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖာပွန်အတွက် ဆေးရုံအတွက် လူနာတင်ယာဉ်(၁)စီးရယ်၊ နောက်တစ်ခါ ကမမောင်းအတွက် လူနာတင်ယာဉ်(၁)စီးကို ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်အနေနဲ့ မေးခွန်း(၄)ခုကို ဆက်တိုက် ဖြေဆိုခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ အရှေ့တောင်အာရှနိုင်ငံများအတွင်း ဆေးပါသော ကွမ်းစားမှုနှုန်း များပြားနေပြီး ကွမ်းစားခြင်းနဲ့ နှီးနွှယ်သော ခံတွင်းကင်ဆာ အပါအဝင် ကင်ဆာရောဂါဖြစ်ပွားမှုလည်း များပြားလာကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကွမ်းစားခြင်း၏ဆိုးကျိုးများနှင့် ကွမ်းစားခြင်းကို ရှောင်ကြဉ်သင့်ကြောင်း နှိုးဆော်ချက်များဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် ပြည်သူများအား အသိပေးလျက်ရှိပါတယ်။ ကျန်းမာရေး သတိပေးချက်ရုပ်ပုံနှင့် စာတမ်းများကို ဆေးလိပ်ဘူးတွင် သာမက ဆေးရွက်ကြီးပါသော ကွမ်းထုပ်များတွင်ပါ ဖော်ပြနိုင်ရေးအတွက် တစ်နိုင်တစ်ပိုင် ဆောင်ရွက်ရန် လည်းကောင်း၊ ဆေးလိပ်၊ ကွမ်းယာရောင်းချသည့် ဆိုင်များတွင် သတိပေးဆိုင်းဘုတ်များ ထားရှိနိုင်ရန်လည်းကောင်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါ သတိပေး အမှတ်အသားများ သတ်မှတ်ပြီးပါက အခြားနှီးနွှယ်ဌာနများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီတို့နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ထုတ်ပြန်ပြီးခဲ့သော ဆေး လိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းဖြင့် မိမိနှင့် ပတ်ဝန်းကျင်ရှိလူများတွင် ဖြစ်ပေါ်နိုင်သော ရောဂါလက္ခဏာ သတိပေးနှိုးဆော်ချက်၊ ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက် စာတမ်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနများမှတစ်ဆင့် ပြည်သူများအား သိရှိနိုင်ရန် ဖြန့်ဝေဆောင်ရွက်လျက် ရှိပါတယ်။ အောက်ခြေအဆင့် ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက်လည်း အခြေခံကျန်းမာရေးကြီးကြပ်နှင့် ဝန်ထမ်းသစ်(၃၃၀)ကိုလည်း ဆေးလိပ် ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းခေါင်းစဉ်ကို သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်း၍ ဆွေးနွေးပို့ချ ဆောင်ရွက်လျက်ရှိပါတယ်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ အထိမ်းအမှတ် အခမ်းအနားပြုလုပ်ပြီးတော့ ပညာပေးပိုစတာများဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် (၆)စက္ကန့်တွင် လူတစ်ဦးသေဆုံးလျက်ရှိသည်။ ယနေ့မှစ၍ သင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ရပ်တန့်သင့်ပြီဟူ၍လည်းကောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာရှောင်ကြဉ်မှ ကျန်းမာမှုဘဝ လူတိုင်းရ ဆိုသည်ဖြင့် လည်းကောင်း စီဒီချပ်များ ပြုလုပ်ဖြန့်ချီ ဆောင်ရွက်ခြင်း။ ပြည်သူများအား အခြေခံကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းရာတွင် ကောင်းကျိုးမပြု ကွမ်းစားမှုဟူသော ခေါင်းစဉ်များဖြင့် ကွမ်းစားခြင်းသည် ကျန်းမာရေး၊ စီးပွားရေးကို ထိခိုက်စေကြောင်း၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး လူ၏ ဥပဓိရုပ်နှင့် နိုင်ငံပုံရိပ်ကို ညှိုးမှိန်စေသော လုပ်ရပ်များဖြစ်ကြောင်း သတိပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စာသင်ကျောင်းများ၊ အစိုးရဌာနရုံးများ၊ ဈေးဆိုင်များ၊ အားကစားရုံ၊ ရုပ်ရှင်ရုံ၊ အများနှင့်သက်ဆိုင်သော အဆောက်အဦစသော အများပြည်သူမြင်သာသော နေရာများတွင် သတိပေးနှိုးဆော်ချက်စာများ၊ ဗီနိုင်း၊ စတစ်ကာများ ပြုလုပ်၍ ကပ်ထားခြင်းများ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ကွမ်းယာဆိုင်များတွင်လည်း ကွမ်းစားခြင်းကြောင့် ခံတွင်းကင်ဆာနှင့် ပါးစောင်ကင်ဆာတို့ကို ပို၍ ဖြစ်စေသည်ဟူ၍ လည်းကောင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေပါသည်ဟူ၍ လည်းကောင်း၊ ကွမ်းစားခြင်းကို အစမပြုပါစေနှင့် မိမိကိုယ်တိုင် ကွမ်းစားခြင်းကို ဖြတ်နိုင်ရန် ကြိုးစားပါ။ မိသားစုဝင်နှင့် မိတ်ဆွေများ ကွမ်းစားခြင်းကို ဖြတ်နိုင်ရန်လည်း တွန်းအားပေးကူညီပါဟူသော သတိပေးစာတမ်းများ ကပ်ထားနိုင်ရေးအတွက် ထုတ်ဝေဖြန့်ချိရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီ ဖြစ်ပါတယ်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ၂၀၁၃၊ ပုဒ်မ ၂၄(ဂ)(၁)တွင် ပုဒ်မ ၇၁၊ ပုဒ်မခွဲ(က)၌ မည်သူမျှ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အများပြည်သူဆိုင်နေရာများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကျဲအောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ပီကေထွေးခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားပါသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ကွမ်းယာဆိုင်နှင့် ဈေးဆိုင်များတွင် စည်းကမ်းမဲ့ အမှိုက်များ စွန့်ပစ်ခြင်း မပြုရန်၊ ကွမ်းယာရောင်းချသူများအား စည်းကမ်းမဲ့ တံတွေးမထွေးရ စာတမ်းများ ချိတ်ဆွဲထားရှိရန်နှင့် သတ်မှတ်ထားသော နေရာများတွင်သာ အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ရန်၊ စည်းကမ်းချက်များနဲ့ အညီ ရောင်းချစေလျက်ရှိပါကြောင်းနဲ့ နေပြည်တော်ကောင်စီနဲ့ ပြည်နယ်တိုင်း(၁၄)ခုတို့တွင် ကွမ်းစားခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးကိုလည်းကောင်း၊ ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါများ အန္တရာယ်ကိုလည်းကောင်း အသိပေးချက်များ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သွားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ အောင်လံမြို့နယ် ပြည်သူ့ဆေးရုံဟာ ယနေ့ ကျွန်တော်တို့ ဆန်းစစ်ချက်အရ ခုတင်(၅၀)ဆံ့ဆေးရုံ ဆိုသော်လည်းပဲ နေ့စဉ်အတွင်းလူနာ(၄၀)ဦးသာ အမြင့်ဆုံး တက်ရောက်တာ ရှိပါတယ်။ အထွေထွေ အထူးကုဆရာဝန်ကြီးများ ပြည့်စုံတဲ့ ပြည်မြို့ ခုတင်

(၂၀၀)ဆံ့ ဆေးရုံကြီးနဲ့လည်း (၄၂)မိုင်ကွာဝေးပြီး ရာသီမရွေးသွားလာနိုင်တဲ့အပြင် ကားဖြင့် သွားမည်ဆို လို့ရှိရင်လည်း (၁)နာရီ(၁၅)မိနစ်လောက်နဲ့ ရောက်ရှိနိုင်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိ အနေအထားအရတော့ အောင်လံပြည်သူဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးသော်လည်း လာမည့် ဘဏ္ဍာရေးနှစ် များမှာ ဆေးရုံ၏ လိုအပ်ချက်၊ ပြည်သူလူထု၏ လိုအပ်ချက်အရ ရှိလာလို့ရှိရင်တော့ စီမံကိန်းမှာ လျာ ထားပြီး ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ကယားပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ရဲ့ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါခင်ဗျား။ ကယားပြည်နယ်၊ မယ်စဲ့ မြို့နယ်ပြည်သူ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအဖြစ် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်က ဒေါက်တာလင်းထင်ကျော်၊ ဆမ - ၂၂၃၁၀ အား ကျန်းမာရေးဦးစီးဌာန၏ ၁၀-၂- ၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် ပြောင်းရွှေ့ခန့်ထားပြီး ဖြစ်ပါတယ်။ ၎င်း ဆရာဝန်ဟာလည်း သူကိုယ်တိုင် မယ်စဲ့ကို ဆန္ဒပြုတောင်းဆိုတာ ဖြစ်တဲ့အတွက် သူဟာ မယ်စဲ့မှာ ပြည်သူလူထုနဲ့ အဆင်ပြေဆောင်ရွက် နိုင်မည် ဖြစ်ပါကြောင်းနှင့် ကျန်တဲ့ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်များနဲ့ သွားဘက်ဆိုင်ရာ ဆရာဝန် များကိုတော့ အခု ကျွန်တော်တို့ ၁၃-၃-၂၀၁၅ ရက်နေ့မှာ ဇီးပင်ကြီးက သင်တန်းဆင်းပါ့မယ်။ လက်ထောက်ဆရာဝန် (၃၄)ဦးနဲ့ သွားဆရာဝန်(၆)ဦးခန့်တဲ့အခါမှာ သက်ဆိုင်ရာ မယ်စဲ့ဆေးရုံကို ထပ်မံ ဖြည့်ဆည်းပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဓာတ်မှန်စက်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ၁၇-၂-၂၀၁၅ မှာ ပြင်ဆင်ပြီးဖြစ်တဲ့ အတွက် ယခုအခါ ဓာတ်မှန်စက်သည် ပြန်လည်ရရှိကောင်းနေပြီ ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ် ပါတယ်။

စတုတ္ထမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကရင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါ ခင်ဗျား။ ကရင်ပြည်နယ်၊ ဖာပွန်မြို့ ပြည်သူ့ဆေးရုံဟာ မူလ (၂၅)ခုတင်ကနေ ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ ၂၉-၁-၂၀၁၁ မှာ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ ခရိုင်အဆင့် ဆေးရုံကြီးများသို့ လူနာတင်ယာဉ် ထောက်ပံ့ရေးစီမံချက်အရ ယာဉ်အမှတ် - ၃ဂ/၆၁၁၇ NISSAN အမျိုးအစား Ambulance အား ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ သို့သော် ကမမောင်းမြို့နယ်ခွဲဆေးရုံကတော့ (၂၅)ခုတင်ဆံ့ မြို့နယ်ခွဲဆေးရုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ဦးစားပေးအဆင့်ဖြစ်တဲ့ ကျွန်တော်တို့ မြို့နယ်အဆင့် ဆေးရုံများကိုသာ လူနာတင်ယာဉ် ထောက်ပံ့နိုင်ရေး စီမံချက်ရေးဆွဲ စီမံဆောင်ရွက် လျက်ရှိတဲ့အတွက် မြို့နယ်ခွဲဆေးရုံကိုတော့ လက်ရှိ အစီအစဉ်အရ Ambulance လူနာတင်ယာဉ် ဖြည့်ဆည်းပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက် စုပ်ယူနေခြင်းတွင် ဌာနအဖွဲ့အစည်းများ ပါဝင်နေမှု ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက် စုပ်ယူနေခြင်းတွင် ဌာနအဖွဲ့အစည်းများ ပါဝင်နေမှုရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ကော်မရှင် အဖွဲ့ဝင်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက် စုပ်ယူနေခြင်းအတွက် ဌာနအဖွဲ့အစည်းများ ပါဝင်နေခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းအတွက် လုပ်သားတွေ ထိခိုက်နစ်နာ စေလိုတဲ့ ဆန္ဒ အလျဉ်းမရှိပါကြောင်းနဲ့ လုပ်ခွင့်တွေက ရရှိမှု အဆင့်ဆင့်တွေဖြစ်ရင် ထုတ်လုပ်မှု တန်ဖိုးတွေ မြင့်တက်လာတာတွေကို မလိုလားအပ်တာတွေ ရှိနိုင်လို့ မေးမြန်းခဲ့တာပဲ ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး သာယာဝတီခရိုင်နဲ့ ပြည်ခရိုင်အတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ဧရာဝတီမြစ်အတွင်း မြစ်သဲ ကျောက် စုပ်ယူခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက စိစစ်မှု၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများရဲ့ ခွင့်ပြုချက်နဲ့ မြစ်သဲကျောက်စုပ်ယူထုတ်လုပ်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်း တွေကို တင်ပို့လျက်ရှိနေကြပါတယ်။ အဲဒီလို တရားဝင်ခွင့်ပြုချက်ဖြင့် မြစ်သဲကျောက်များ စုပ်ယူရာမှာ သတ်မှတ်ဧရိယာထက် ကျော်လွန်ကာ မြစ်ကမ်းပါးအထိ စုပ်ယူနေတဲ့အတွက် မြစ်ကမ်းပြိုကျမှု အန္တရာယ် ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သိရှိရပါတယ်။

ကျွန်တော့်ထံကိုလည်း ဒေသခံပြည်သူတွေကစာတွေနဲ့ ပေးပို့လာတာလေးတွေရှိလို့ ဒီမေးခွန်း ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရလျှင် ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ထုံးဘို(၃) လမ်းရပ်ကွက်၊ ခတ္တိယအပိုင်း ဧရာဝတီလမ်းနှင့်ယှဉ်လျက် ဧရာဝတီမြစ်အတွင်း မြစ်သဲ ကျောက် စုပ်ယူနေကြောင်း မြစ်ကမ်းပါးနေပြည်သူများ မြစ်ကမ်းပါးပြိုကျမှု အန္တရာယ် ကျရောက်မည်ကို စိုးရိမ်နေရတဲ့အတွက် စာလေးတွေ ပေးပို့လာတာရှိပါတယ်။ နောက် ဒုတိယစာကတော့ သာယာဝတီခရိုင်၊ မိုးညို မြို့နယ်၊ အိုးဘိုကျွန်းအုပ်စု၊ အောင်မြေသာယာရွာနဲ့ ကပ်လျက်ရှိသော ကျောက်စုပ်မော်တော်တွေ ကနေ ပြီးတော့ ကျောက်များ စုပ်ယူနေတဲ့အတွက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများ ဖြစ်ပေါ်လာပါက ကျွန်းပေါ်မှာနေတဲ့ ကျေးရွာသူ/ကျေးရွာသားများ၊ ဘုန်းတော်ကြီးကျောင်းနဲ့ အခြေခံ ပညာ မူလတန်းကျောင်းခွဲတို့ ကမ်းပြိုပြီးတော့ ရေအောက်ကို ရောက်ရှိနိုင်တယ်လို့ စိုးရိမ်တကြီးနဲ့ ကျွန်တော်ဆီ စာလေးတွေပေးပို့လာတာ ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစာလေး(၂)စောင်ကတော့ ဥပမာအားဖြင့်သာ တင်ပြပါတယ်။ အခြားကိစ္စတွေလည်း အများကြီးရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဖြစ်ပေါ်ရမှုမှာ လုပ်ငန်းရှင်တွေဟာ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနဲ့ တာဝန်ရှိ ဌာန အဖွဲ့အစည်းများရဲ့ စိစစ်ခွင့်ပြုထားတဲ့ မြစ်သဲကျောက်စုပ်ယူဧရိယာထက် ကျော်လွန်လုပ်ကိုင်မှုကြောင့် ဖြစ်ရ တယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဒါကြောင့် မေးခွန်းမေးလိုတာကတော့ ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက်စုပ်ယူမှုလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များမှာ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ကွက်များဟာ သတ်မှတ်ချ ထားတဲ့ လိုင်စင်ပါ စည်းကမ်းချက်များနဲ့အညီ ထုတ်လုပ်နေခြင်း ရှိ/မရှိကိုလည်းကောင်း၊ လုပ်ငန်းရှင် များတွင် ဌာနအဖွဲ့အစည်းအမည်ဖြင့် ပါဝင်လုပ်ကိုင်နေမှု ရှိ/မရှိတို့ကို ပြည်သူများကိုယ်စား သိရှိလို ပါကြောင်း ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၀။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပဲခူးတိုင်းဒေသ ကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ချိုဦး ရဲ့ အမျိုးသားလွှတ်တော် သို့ တင်ပြထားတဲ့ ကျွန်တော်တို့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေနဲ့ မြစ်သဲကျောက်စရစ်ထုတ်လုပ်ခွင့် လိုင်စင်ကိုတော့ ကျွန်တော်တို့ဆီက ချထားပေးခြင်း မရှိပါဘူး။ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးများသို့ မြစ်သဲကျောက်ထုတ်လုပ်လိုတဲ့ လုပ်ငန်းရှင်တွေကနေပြီးတော့ လျှောက်ထားလာမှုအပေါ်မှာ ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးများမှ သဘောထားမှတ်ချက် တင်ပြတောင်းခံလာမှု အပေါ်မှာသာ ကွင်းဆင်း တိုင်းတာစိစစ်ပြီးတော့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘောထား မှတ်ချက်ကို ပြန်ကြားမှုကိုသာ ဆောင်ရွက်ပေးပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီး ဌာနနဲ့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြန်ကြားစာနဲ့ ကျွန်တော်ပူးပေါင်းပြီးတော့ ဖြေကြားသွားမှာ ဖြစ် ပါတယ်။ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အလိုက် မြစ်သဲကျောက်စရစ် ထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင်ကို တော့ ကျွန်တော်တို့ ထုတ်ပေးတဲ့ လုပ်ငန်းစဉ်တွေကတော့ (၁) လုပ်ငန်းရှင်တွေကနေပြီးတော့ မြေစာရင်း ပုံစံ(၁၀၅/၁၀၆)နဲ့အတူ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရပါတယ်။

(၂) သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကို သဘောထားမှတ်ချက် တောင်းခံပါတယ်။ (၃) ရေအရင်းအမြစ်နဲ့ မြစ်ချောင်း များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး သဘောထားမှတ်ချက်ကို ပြန်ကြားပေးပါတယ်။ (၄) ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက သဘောထားမှတ်ချက်နဲ့ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ထောက်ခံချက်များနဲ့အတူ တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုချက် တင်ပြတောင်းခံပါတယ်။ (၅) တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ခွင့်ပြုချက် ရရှိပါက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ထုတ်လုပ် ခွင့်ပြုသင့်တဲ့ ဧရိယာ၊ ထုတ်လုပ်မည့် ကျင်း အရေအတွက်များအတိုင်း အခွန်ငွေများပေးသွင်းစေလျက် လုပ်ငန်းလိုင်စင်ချထားပေးပါတယ်။

ကျွန်တော်တို့ ဒီခွင့်ပြုထားတဲ့ လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တွေ့ဆုံပြီးတော့ သတ်မှတ်နေရာများမှာ စနစ်တကျထုတ်လုပ်သွားခြင်း ရှိ/မရှိ စစ်ဆေးပြီး တော့ လိုက်နာမှုမရှိလို့ရှိရင် ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ထုတ်ပြန် ထားတဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများအရ အရေးယူ ဆောင်ရွက်သွားနိုင်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် မြစ်သဲကျောက်စရစ်လုပ်ငန်းထုတ်ယူခွင့်ပြုခဲ့တဲ့ လုပ်ငန်းလိုင်စင်(၁၈)ခုရှိ ပြီးတော့ လုပ်ငန်းရှင်အရေအတွက် (၁၁)ဦးဖြင့် ထုတ်လုပ်လျက် ရှိပါတယ်။ ပြည်ခရိုင်အတွင်းမှာရှိတဲ့ ပြည်၊ ရွှေတောင်ပန်းတောင်းမြို့နယ်(၃)ခုတို့မှာ လုပ်ငန်းရှင်(၂၅)ဦးကို ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြု ပေးခဲ့မှုအပေါ် ဓာတ်သတ္တုအခွန်ငွေကျပ်(၂၇.၆၉)သန်း ရရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ပြန်ကြားချက်အရ သိရှိရပါတယ်။ ကျွန်တော်တို့ ပန်းတောင်းမြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးဘို (၃)လမ်းရပ်ကွက်၊ ခတ္တိယအပိုင်း၊ ဧရာဝတီလမ်းနှင့်ယှဉ်လျက် ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက် စုပ်ယူနေခြင်းကြောင့် မြစ်ကမ်းနေပြည်သူများ မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ကျရောက်မည်ကို စိုးရိမ် နေရခြင်း ကိစ္စနဲ့ ပတ်သက် ပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက လက်ထောက်အင်ဂျင်နီယာတို့ ကွင်းဆင်းစိစစ်ချက်အရ ထုံးဘိုကျေးရွာ အုပ်စုက ရွှေတောင်မြို့နယ်၊ သရက်သုံးပင်၊ ရွှေဟင်္သာ စကားမြားကျွန်းများ အနီးမှာရှိတဲ့ ကျောက်စရစ် ကွင်းအမှတ် ၅၁၇၊ ၅၁၈ နဲ့ ၅၁၉ တို့နဲ့ ဆက်စပ်တည်ရှိလျက် ရှိပါတယ်။ အဲဒီနေရာဟာဆိုလို့ရှိရင် ပန်းတောင်းမြို့နယ်အတွက် ခွင့်ပြုချက် ချထားပေးထားတဲ့ ကွင်းတွေ မရှိပါဘူး။ ကမ်းပါးပြိုကျခြင်းက လွန်ခဲ့သော (၆)လခန့်က ပြိုကျခြင်း ဖြစ်ပါတယ်။

ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ မိုးသည်းထန်စွာရွာသွန်းမှုနဲ့ ဧရာဝတီ မြစ်ရေများချိန်များမှာ မြစ်ရေတိုက်စားမှု ဒဏ်ကို နှစ်စဉ်ခံစားခဲ့ရတဲ့အတွက် ကမ်းပါးများပြိုကျပြီးတော့ ရေများချိန်မှာ မြစ်ရေများတိုက်စားမှု ဒဏ်ကို နှစ်စဉ်ခံစားခဲ့ရတဲ့အတွက် ကမ်းပါးပြိုကျမှု ဖြစ်ပွားရခြင်း၊ မိုး ရာသီ ရေများချိန်မှာ ထုံးဘိုကျေးရွာမှာရှိတဲ့ မြေနိမ့်ပိုင်းရပ်ကွက်များသို့ ရေများဝင်ရောက်ပြီး၊ ရေမြုပ်ချိန် ကြာတဲ့အတွက် မြေဆီလွှာများအတွင်း ရေများစိမ့်ဝင်ပြီးတော့ ရေနည်းချိန်မှာ မြေဆီလွှာအောက်ရှိ အောင်းရေများ စိမ့်ထွက်ပြီးတော့ အပေါ်ယံမြေသားများ အောက်သို့လျော့ကျနိမ့်ဆင်းမှုကြောင့် မြေသား နဲ့ ကမ်းပါးများ ပြိုကျရခြင်း ဖြစ်ပြီးတော့ မြစ်သဲကျောက် စုပ်ယူခြင်းကြောင့် ပြိုကျခြင်းမဟုတ်ကြောင်း စိစစ်တွေ့ရှိကြောင်း တင်ပြထားပါတယ်။

ကျွန်တော်တို့ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်မှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက်စုပ်ယူမှုလုပ်ငန်း ခွင့်ပြုခဲ့တဲ့ လုပ်ကွက် (၂၇)ကွက်ရှိပါတယ်။ အကွက်အမှတ် ၃၁၊ ၃၂၊ ၃၅ တို့က ဧရာဝတီမြစ်အတွင်း (၃)မြို့နယ်ဆုံမှာ ခွင့်ပြုထားတဲ့ မြစ်ကျောက်လုပ်ကွက်များ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပိတ်သွင်းဆောင်ရွက်သွားရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါစာအမှတ် ၄/၂၄-၄/ဦး ၁(အထဉ)(၁၉၉၈)ဖြင့် ပိတ်သိမ်း ပေးခဲ့ပြီး ဖြစ်သည့်အတွက် ခွင့်ပြုလုပ်ကွက် (၂၄)ခုသာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ကွက်များဟာ သတ်မှတ်ချထားပေးတဲ့ လိုင်စင်စည်းကမ်းများနဲ့အညီ ထုတ်လုပ်နေမှု ရှိ/မရှိကို မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ကွင်းဆင်းစစ်ဆေးမှုကို လစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် တစ်လ မှာ (၂)ကြိမ် ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း ကျွန်တော်တို့ ရေအရင်းမြစ်နဲ့ မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သတ်မှတ်ပေးထားတဲ့ စည်းကမ်းညွှန်ကြားချက်များနဲ့အညီ လုပ်ငန်းရှင်ကြီးများမှ လိုက်နာကြပ်မတ်ရေး၊ လိုက်နာဆောင်ရွက်ရေး၊ ကြပ်မတ်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်းလည်း သိရှိရပါတယ်။

ကျွန်တော်တို့ မိုးညိုမြို့နယ်၊ အိုးဘိုကျွန်း ကျေးရွာအုပ်စု၊အောင်မြင်သာယာကျေးရွာဟာ ဆိုလို့ရှိရင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းကျေးရွာအုပ်စု၊ ရှစ်ကွက်ကျေးရွာမှာ ဒေသခံပြည်သူများက(၂၀၀၂)ခုနှစ်က စပြီးတော့ အောင်မြင်သာယာရွာ တည်ထောင်ပြီးတော့ နေထိုင်လျက်ရှိတာ ယနေ့ထိ အိမ်ခြေ(၈၄)အိမ်၊ စုစုပေါင်းအိမ်ထောင်စု(၈၆)စု၊ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဘာသာရေးအနေနဲ့ ပေ(၃၀ x ၄၀) ခြေတံရှည် သစ်သားကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကျောင်းသား/ကျောင်းသူ (၅၉)ဦးအတွက် ပေ(၄၀)(၃၀)သစ်သားဆောင်၊ အမက(ခွဲ) ကျောင်းတစ်ကျောင်း ရှိပြီးတော့ မြေနုကျွန်းကို အမှီပြုနေထိုင်တဲ့ ကျေးရွာသာဖြစ်ပြီးတော့ တရားဝင်ဖွဲ့စည်းခွင့်ပြုထားတဲ့ ကျေးရွာမဟုတ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

ကျေးရွာနေပြည်သူများမှာ အိမ်ခြံမြေများ၊ ဘုန်းတော်ကြီးကျောင်းနဲ့ စာသင်ကျောင်းတို့ ရေအောက်သို့ရောက်ရှိနိုင်သည့်အတွက် ကျောက်မစုပ်ရေး ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်စွဲဖြင့် တားမြစ်ပေးရန် တင်ပြလာမှုအရ ဧရာဝတီတိုင်းဒေသကြီး၊ ရေအရင်းမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅ ဇန်နဝါရီလ (၆)ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများအနေနဲ့ လုပ်ကိုင်ခွင့် ချထားပေးသော သတ်မှတ်နေရာမှာ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိတဲ့အတွက် သတ်မှတ်ထားသော နေရာတွင် မြစ်ကျောက်စရစ် ထုတ်ယူခြင်းကြောင့် အောင်မြင်သာယာကျေးရွာ အနေဖြင့် မြစ်ကမ်းပြို၊ ရေအောက်သို့ ရောက်ရှိနိုင်သည့် အခြေအနေမရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကျေးရွာနေရွာသူရွာသားများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကမ်းပြိုကမ်းစား အန္တရာယ်ကြုံတွေ့နိုင်ကြောင်း စိစစ်တွေ့ရှိရပါက ရေအရင်းမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်း တိုင်းတာစစ်ဆေးပေးရေး ဆက်သွယ်ဆောင်ရွက်ပြီးတော့ ဒီဌာနရဲ့ သဘောထားမှတ်ချက်ရယူကာ လိုအပ်လို့ရှိရင် လိုင်စင် ချထားပေးမှုကို ပိတ်သိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ပြန်ကြားထားပါတယ်။ ကျွန်တော်တို့ မိုးညိုမြို့နယ်တွင် မြစ်သဲ၊ ကျောက်

စုပ်ယူနေတဲ့ လုပ်ကွက်အလိုက် လုပ်ငန်းရှင်များကို လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနဲ့အညီ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီးတော့ အဲဒီလုပ်ငန်းရှင်များမှာ အသင်းအဖွဲ့အစည်း အမည်ဖြင့် မိုးမြင့်မိုရ် မြစ်ကျောက်ထုတ် သမဝါယမအသင်းမှ လုပ်ကွက်အမှတ်(၂၂)မှာသာ လုပ်ကိုင်လျက်ရှိပြီးတော့ ကျန် လုပ်ကွက်များကိုတော့ ပုဂ္ဂလိက လုပ်ငန်းရှင်များကသာ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။

မြစ်သဲကျောက် ထုတ်ယူမှုနဲ့ပတ်သက်၍ အမှန်တကယ်လုပ်ကိုင်သည့် လုပ်ငန်းရှင်များ ကိုသာ လုပ်ကိုင်ခွင့်ချထားပေးပြီး လိုင်စင်ပါစည်းကမ်းချက်များနဲ့အညီ ထုတ်လုပ်ရန်၊ စည်းကမ်းချက် များနှင့် မကိုက်ညီဘဲ ဆောင်ရွက်ပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများကိုလည်း အသိပေးညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အခါအားလျော်စွာ ခရိုင်အုပ်ချုပ်ရေးမှူးမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ ရေအရင်းမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစ်သဲကျောက် လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်အဖွဲ့များနဲ့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့

အတွက် ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံး အဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂(ခ)(ဃ)(င)(စ)(ဆ)(ဈ)(၁)(၂)(၃)(၄)၊ အပိုဒ် ၂(ည)(ဋ)(ဍ)(တ)(ဒ)၊ အပိုဒ် ၃(က)(ခ)

အခန်း(၁)

အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် သက်ဆိုင်ခြင်း

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(ခ) ပြည်တွင်းရေကြောင်း ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ် သွားလာနိုင်သော မြစ်၊ ချောင်း၊ တူးမြောင်း၊ အင်း သို့မဟုတ် ရေကန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အခြား ရေပြင်ဧရိယာ တစ်ခုခုလည်း ပါဝင်သည်။

(ဃ) တိုင်းတာစစ်ဆေးရေးမှူး ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေးရန် ဤဥပဒေ အရ တာဝန်ပေးအပ် ထားသူကို ဆိုသည်။

( င ) စစ်ဆေးရေးအရာရှိ ဆိုသည်မှာ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်များအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များကို စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

( စ ) ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် ဆိုသည်မှာ ရေယာဉ်ကို လိုအပ်သည့် အန္တရာယ် ကင်းရှင်းမှုများအတွက် ဤဥပဒေနှင့်အညီ လိုအပ်သည့် တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေး အတည်ပြုထားသည့် အထောက် အထား သက်သေခံလက်မှတ်ကို ဆိုသည်။

**ဦးတင့်ဌေး**။ ။ လိုအပ်သည့် (၂)ခု ထပ်နေတယ်၊ ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် ဆိုသည်မှာ ရေယာဉ်ကို အန္တရာယ် ကင်းရှင်းမှုများအတွက် ဆိုရင် ရပါပြီ။

(ဆ) တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာ ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေး တွေ့ရှိမှု အခြေအနေကို ဖော်ပြသော အစီရင်ခံစာကို ဆိုသည်ဟု ပြင်ဆင်ထား ပါတယ်။

( ဇ ) အမြန်ရေယာဉ် ဆိုသည်မှာ အောက်ပါရေယာဉ် တစ်မျိုးမျိုးကို ဆိုသည် -

(၁) ပြည်တွင်းရေကြောင်းအတွင်း တစ်နာရီရေမိုင် ၁၅ မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၂) ရေယာဉ်အလျားနှင့် ဗျက် အချိုးသည် ၇ နှင့် အထက်ရှိပြီး တစ်နာရီ ရေမိုင် ၁၂ မိုင်နှုန်းနှင့် အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၃) ရေမျက်နှာပြင်ပေါ်တွင် ရှပ်ပြီး လှုပ်ရှားသွားလာနိုင်သော ရေယာဉ်၊

(၄) ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ရေပြင်နှင့် ထိစပ်၍ သော် လည်းကောင်း ရေပြင်မှ ကင်းလွတ်၍ သော်လည်းကောင်း မောင်းနှင် နိုင်သော ရေယာဉ် ဟု ဖြည့်စွက်ထားပါတယ်။

(ည) ပတ်ဝန်းကျင် ညစ်ညမ်းမှု ဆိုသည်မှာ ပြည်တွင်း ရေကြောင်းတွင် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကို သော်လည်းကောင်း၊ ရေထု၊ လေထု ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ တို့၏ ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု၊ ဆုံးရှုံးနစ်နာစေမှု၊ ပြောင်းလဲစေမှု သို့မဟုတ် သက်ရောက်စေမှုကို သော်လည်းကောင်း ဆိုသည်။

( ဋ ) ခရီးစဉ် ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွား ရေယာဉ် ထွက်ခွာမည့် နေရာမှ ရောက်ရှိလိုသည့် နေရာအကြား ခရီးလမ်းကြောင်းတစ်လျှောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ရပ်နားသည့် နေရာများလည်း ပါဝင်သည်။

(ဍ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီး ဌာနကို ဆိုသည်။

(ဏ) စက်ခန်းအုပ် ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်၏ စက်ခန်းပိုင်း ဆိုင်ရာ ကြီးကြပ် အုပ်ချုပ်သူ၊ အင်ဂျင်နီယာ သို့မဟုတ် စက်များကို ထိန်းသိမ်း မောင်းနှင်ခြင်းတွင် အဓိက တာဝန်အရှိဆုံးသူကို ဆိုသည်။

(တ) ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ဆိုရာတွင် ဤဥပဒေကို လိုက်နာ၍ တည်ဆောက်ရမည့် ရေယာဉ်များနှင့် စပ်လျဉ်း၍ ရေယာဉ်ပုံစံထုတ်ခြင်းနှင့် ရေးဆွဲခြင်း၊ ဝန်တင်မျဉ်း တွက်ချက်ခြင်း၊ လုံးပေါင်းတန်ချိန် တွက်ချက်ခြင်း၊ ရေယာဉ်တည်ငြိမ်မှု တွက်ချက်ခြင်း၊ ရေယာဉ်ကိုယ်ထည် ကြံ့ခိုင်မှု တွက်ချက်ခြင်း၊ ရေယာဉ် တည်ဆောက်ခြင်း၊ ရေယာဉ် တည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံ ဆောင်ရွက်ခြင်းနှင့် အခြားသော ရေယာဉ်၏ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်လိုသူအား ဦးစီးဌာနက ထုတ်ပြန်သော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်တစ်ခုခုကို ဆိုသည်။

၃။ ဤဥပဒေသည် နိုင်ငံတော်၏ ပြည်တွင်း ရေကြောင်းတွင် သွားလာသည့် မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော ရေယာဉ်၊ ပြည်တွင်း ရေကြောင်းသို့ ခေတ္တဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်နှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် အောက်ပါ ရေယာဉ်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) စစ်ရေယာဉ်၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့် ပြုထားသော ရေယာဉ် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂(ခ)(ဃ)(င) (စ)(ဆ)(ဈ)(၁)(၂)(၃)(၄)၊ အပိုဒ် ၂(ည)(ဋ) (ဍ)(ဏ)(တ)၊ အပိုဒ် ၃(က)(ခ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂(ခ)(ဃ)(င)(စ)(ဆ)(ဈ)(၁)(၂)(၃)(၄)၊ အပိုဒ် ၂(ည)(ဋ)(ဍ)(ဏ)(တ)၊ အပိုဒ် ၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၉(က)၊

အပိုဒ် ၁၀(က)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇

အခန်း(၂)

ရေယာဉ်များကို တိုင်းတာစစ်ဆေးခြင်းနှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်း

၅။ ဦးစီးဌာနသည် -

(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ် တိုင်းတာ စစ်ဆေးခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ ကိုယ်စား ဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို စည်းကမ်းချက်များ သတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

၉။ တိုင်းတာ စစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်အား တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဆောင်ရွက်ဆဲကာလ၌ ထိုလိုအပ်ချက်များသည် ရေယာဉ်ခုတ်မောင်း သွားလာခြင်းကို ထိခိုက်စေသည့် အကြောင်းကိစ္စရပ်များ မဟုတ်သည့် အခြေအနေမျိုးတွင် ရေယာဉ်ပိုင်ရှင်အား စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်း ၃ လ ထက် မပိုသော ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း ယာယီလက်မှတ်ကို တစ်ကြိမ် ထုတ်ပေးနိုင်သည်။

၁၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)အရ တင်ပြသည့် တိုင်းတာ စစ်ဆေးရေးမှူး၏ စစ်ဆေးခြင်းအစီရင်ခံစာကို စိစစ်ပြီး လိုအပ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်ပိုင်ရှင်အား ရေယာဉ် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ကို ထုတ်ပေးခြင်း၊ သို့မဟုတ် ဆောင်ရွက်ရန် လိုအပ်ချက်ရှိပါက ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁။ (က) မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မျှ ပြည်တွင်း ရေကြောင်းတွင် သက်တမ်းရှိ ရေယာဉ် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်မပါရှိလျှင် သော်လည်းကောင်း၊ အဆိုပါ လက်မှတ်သည် အသုံးပြုမည့် ခရီးစဉ်၊ လုပ်ငန်းနှင့် အကျုံးဝင်မှု မရှိလျှင် သော်လည်းကောင်း ပြည်တွင်းရေကြောင်းသွား ခရီးစဉ် သို့မဟုတ် လုပ်ငန်းတွင် အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

၁၃။ စစ်ဆေးရေး အရာရှိသည် -

(က) ရေယာဉ်တွင် သက်တမ်းရှိ ရေယာဉ် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသော ကျွမ်းကျင်မှု လက်မှတ်များ ရှိ မရှိ ကိုလည်းကောင်း၊ ရေယာဉ်၏ စက်ပစ္စည်း ကိရိယာများ ကောင်းမွန်မှု ရှိ မရှိ နှင့်

ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်းရှိမရှိတို့နှင့် စာရွက်စာတမ်း အထောက်အထားများကို လည်းကောင်း သင့်လျော်သည့် အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်သည်။

၁၄။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည် တိုင်းတာစစ်ဆေးရေးမှူးက တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လည်းကောင်း၊ စစ်ဆေးရေး အရာရှိက စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လည်းကောင်း၊ လိုအပ်သော အကူအညီများပေးခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့် စစ်ဆေးခြင်းများ လွယ်ကူချောမွေ့စေရန် လိုအပ်သည့် အထောက်အကူ ပစ္စည်းများနှင့် ရေယာဉ်၏ သက်ဆိုင်ရာ အချက်အလက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ရမည်။

၁၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ဦးစီးဌာနမှ ခွင့်ပြုပြီးသော ရေယာဉ် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ကို လက်ခံရရှိပါက ရေယာဉ် အသုံးပြုစဉ် ကာလအတွင်း အဆိုပါ လက်မှတ်၏ မူရင်းခွဲကို ရေယာဉ်ပေါ်တွင် လူအများ အလွယ်တကူ မြင်နိုင်သော နေရာ၌ ထိုလက်မှတ် သက်တမ်းကုန်ဆုံးသည့် အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်။

၁၇။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ရပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသော ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ကို ရပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၉(က)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၉(က)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နည်းနည်းပြန်ကြည့်ရအောင်၊ (၁၃)၊ အပိုဒ်(၁၃)ပြန်ကြည့်ရအောင်၊ ဝန်ကြီးဌာနလည်း ပြည်ကြည့်၊ (၁၃) စစ်ဆေးရေးအရာရှိသည် (က)ရေယာဉ်တွင် သက်တမ်းရှိ ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသော ကျွမ်းကျင်မှုလက်မှတ်များ ရှိ မရှိ ကိုလည်းကောင်း၊ ရေယာဉ်၏ စက်ပစ္စည်း ကိရိယာများ ကောင်းမွန်မှု ရှိ မရှိ နှင့် ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်းရှိမရှိတို့နှင့် စာရွက်စာတမ်း အထောက်အထားများကိုလည်းကောင်း သင့်လျော်သည့်အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်သည်။ သင့်လျော်သည့် အချိန်တွင်ဆိုတာက အငြင်းပွားနိုင်တယ်။ ဝန်ကြီးဌာန၊ ရေယာဉ်ပေါ်သို့တက်ရောက်စစ်ဆေးနိုင်သည်ဆိုရင် လိုအပ်သလို စစ်ဆေးမှာပေါ့၊ သင့်လျော်သည့် အချိန်လိုသလား။

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန**။ ။ သူက အမြဲတမ်းတော့ တောက်လျှောက် မစစ်နေဘူးပေါ့၊ ခုနပြောသလို။

**ဥက္ကဋ္ဌ**။ ။ မှန်တယ်လေ၊ စစ်ဆေးနိုင်သည်ဆိုရင်တော့ ဘယ်အချိန်စစ်စစ်ပေါ့၊ စစ်ဆေးနိုင်သည် မဟုတ်ဘူးလို့ရှိရင် သင့်လျော်သည့်ဆိုတာ ဘာလဲ ဆိုတဲ့ အငြင်းထွက်စရာ အကြောင်းရှိတယ်။ အခါအားလျော်စွာဆိုတဲ့ အခါကျတော့လည်း ခုနစစ်ထားလို့ အခု ထပ်လိုလို့ ထပ်စစ်တဲ့ အခါကျတော့ သူက အခါအားလျော်စွာ မဟုတ်တော့ဘူး ဖြစ်သွားရော၊ အငြင်းပွားမှု ဖြစ်နိုင်တယ်။ ဟုတ်တယ်နော်၊ ဒါကြောင့်မိုလို့ သင့်လျော်သည့်ဆိုတာ ဖြုတ်ဖို့လိုမယ်။ သင့်လျော်သည့် အချိန်တွင် ဆိုတာ ဖြုတ်ဖို့၊ ခဏလေး။

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ အပိုဒ် ၂ ရဲ့ (ဈ)ရဲ့ အပိုဒ်ခွဲ(၂)မှာလည်း အဲဒါလေးတစ်ခု ရေယာဥ် အလျားနှင့် ပြက် အချိုးသည် (၇)နှင့်အထက် ရှိပြီးဆိုတော့ အချိုးလို့ ပြောထားပြီးတော့ (၇)နှင့်အထက်လို့ရေးထားတာလည်း ရေးထုံးအရဆိုရင် တစ်ခုခုပြင်ဆင်ဖို့လိုမယ်လို့ ထင်လို့အကြံပြုတာပါ။အချိုးဆိုပြီးတော့(၇)နှင့်အထက်လို့ပြောထားတော့(၁)အချိုး(၇)လား၊ (၇)အချိုး(၁)လား၊ တစ်ခုခုပေါ့၊ အချိုးဆိုရင် အဲလိုဖြစ်သင့်တယ်။

**ဥက္ကဋ္ဌ**။ ။ (၇)အချိုး(၁)လား၊ ရေယာဥ် အလျားနှင့်ပြက်သည် (၇)အချိုး(၁)နှင့်အထက်ရှိပြီး ရတယ်နော်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(၈)(ဃ)၊ အပိုဒ် ၂၀(ဂ)၊ အပိုဒ် ၂၁(က)(ခ)

၁၈။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင် ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင်မှု အဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်း စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်များကို ကာလသတ်မှတ်၍ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လိုအပ်သော အခကြေးငွေများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း သတ်မှတ်နိုင်သည်။

၁၉။ ကျွမ်းကျင်မှုလက်မှတ် ရရှိသော ရေယာဉ်အုပ်နှင့် စက်ခန်းအုပ် သည် -

(က) မိမိမောင်းနှင်ခွင့်ရှိသော ရေယာဉ်ကို ဆိပ်ကမ်း နယ်နိမိတ်အတွင်း ရေကြောင်းပြ မပါဘဲမောင်းနှင်ခွင့် ရှိသည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ဤဥပဒေအရ ပြစ်ဒဏ် ချမှတ်ခြင်းခံရပြီး ဦးစီးဌာနက ယင်းတို့၏ကျွမ်းကျင်မှု လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုလျှင် ထိုသို့ ရပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့် နေ့မှစ၍ လုပ်ငန်း ဆောင်ရွက်ခွင့် မရှိစေရ။ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဦးစီးဌာန သို့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်အပ်နှံရ မည်။

(ဃ) ကျွမ်းကျင်မှုလက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက် လုပ်ငန်းလုပ်ကိုင် လိုလျှင် သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုလက်မှတ် သက်တမ်း တိုးမြှင့် ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၀။ ဦးစီးဌာနသည် -

(ဂ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ)အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ထားသော ကျွမ်းကျင်မှု လက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေ၍ ကျွမ်းကျင်မှု လက်မှတ် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

၂၁။ မည်သည့်ရေယာဉ်ပိုင်ရှင်မျှ ရေယာဉ်အမျိုးအစားအလိုက် -

(က) ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ် မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို တာဝန်ပေး ခုတ်မောင်းစေခြင်းမပြုရ။

(ခ) အနည်းဆုံး သတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်း အရေအတွက်အောက် လျှော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်း သွားလာခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ဂ)(ဃ)၊ အပိုဒ် ၂၀(ဂ)၊ အပိုဒ် ၂၁(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ဂ)(ဃ)၊ အပိုဒ် ၂၀(ဂ)၊ အပိုဒ် ၂၁(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၂၃

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရှိ မရှိ စစ်ဆေးခြင်း၊ ကျွမ်းကျင်မှု အဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်း စစ်ဆေးခြင်း၊ သက်ဆိုင်ရာ လိုင်စင်များ ထုတ်ပေးခြင်း၊ လိုအပ်သော အခကြေးငွေများ သတ်မှတ်ခြင်း နှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက်လည်းကောင်း၊ ရေယာဉ် တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက် များနှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည်ဆိုတာ စံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍လည်းကောင်းဆိုလည်း ရပါတယ်။ ဟုတ်ပြီနော်။ သတ်မှတ်တွေက သိပ်များနေတယ်။

စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၂၅(က)(ခ)(ဃ)(င)(စ)(ဆ)(ဌ)(ထ)(ဓ)၊ အပိုဒ် ၂၆(က)(ခ)၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀(က) (ခ) (င)၊ အပိုဒ် ၃၁၊

၂၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းရေကြောင်းတွင် အောက်ဖော်ပြပါ အချက်များနှင့် စပ်လျဉ်း၍ သတ်မှတ်နိုင်သည် -

(က) ရေယာဉ်ပေါ်တွင်ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း၊ ရေယာဉ်ချင်း တိုက်မိခြင်းနှင့် အခြား မတော်တဆမှုများမှ ကြိုတင်ကာကွယ်ရန် သတ်မှတ်ချက်များ၊

(ခ) ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုများ ကာကွယ်တားဆီးရေး အချက်များနှင့် ရေယာဉ်ပေါ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို ကာကွယ်ရန်အတွက် ပစ္စည်းကိရိယာများ ထားရှိရန် သတ်မှတ်ချက်များ၊

(ဃ) ပြည်တွင်းရေကြောင်းတွင် ကုန်စည်များ တင်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစား သတ်မှတ်ချက်များနှင့် ပစ္စည်း အမျိုးအစား အလိုက် အန္တရာယ် ဖြစ်စေမှုအတိုင်းအတာကို ခွဲခြားပြီး ကုန်စည် တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊

(င) ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်တွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပစ္စည်းကိရိယာ ထားရှိခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(စ) ရေယာဉ်တွင် ဆောင်ယူတပ်ဆင်ရမည့် အသံပေးအချက်ပြခြင်းနှင့်မီးအလင်းရောင်ဖြင့် အချက်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဆ) ခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံး ပျက်စီးမှုအတွက် တည်ဆဲဥပဒေ နှင့်အညီ အာမခံထားခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဇ) ရေယာဉ်ပေါ် တင်ဆောင်နိုင်သော ခရီးသည်ဆိုင်ရာ သတ်မှတ်ချက်များ၊

(ဈ) ရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေး ကိရိယာများနှင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ် ချက်များ၊

(ည) သမရိုးကျမဟုတ်သော ထူးခြားသည့်တာဝန်၊ လုပ်ငန်း လုပ်ကိုင်သည့် ရေယာဉ်များအတွက် လိုက်နာရန် သတ်မှတ်ချက်များ။

၂၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ် နှင့်ရေယာဉ်ဝန်ထမ်းများ လိုက်နာရမည့် အသေးစိတ်အချက်အလက် များကိုသတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များကိုလည်းကောင်း၊ ပုဒ်မခွဲ(က) အရ သတ်မှတ်ကြေငြာချက်များကိုလည်းကောင်း ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ထိုသို့ စစ်ဆေးရန် စစ်ဆေးရေး အရာရှိများအား တာဝန်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူခြင်း ပြုရမည်။

၂၇။ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် ရေယာဉ်ပေါ်သို့ တင်ဆောင်သော၊ ရောက်ရှိနေသော သို့မဟုတ် တင်ဆောင်မည်ဖြစ်သော မည်သည့်အထုပ်အပိုးနှင့် လက်ဆွဲအိတ်တို့တွင်မဆို အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်သည်ဟု သံသယရှိလျှင် သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျှင် -

(က) အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းကို ရေယာဉ်ပေါ်သို့ တင်ဆောင်ရန် ငြင်းဆိုနိုင်သည်။

(ခ) ကုန်စည်တွင် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းပါဝင်သည်ဟု သေချာစေရန် ထိုပစ္စည်းများကို ဖွင့်ဖောက် စစ်ဆေးကြည့်ရှုနိုင်သည်။

၂၈။ မည်သူမျှ -

(က) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်ကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ အန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ရေယာဉ် ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူ ပို့ဆောင်ခြင်း မပြုရ။

(ခ) အန္တရာယ် ဖြစ်စေနိုင်သောပစ္စည်း ထည့်ထားသည့် အထုပ်အပိုး၏ အပြင်ဘက်တွင် အထုပ်အပိုးအတွင်း ပါဝင်သောပစ္စည်း၏ အကြောင်းကို ထင်ရှားအောင် မှတ်သား ဖော်ပြထားခြင်း မရှိဘဲသော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်း အမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှု အတိုင်းအတာကို ခွဲခြားပြီး ကုန်စည် တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်း ပြုရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုက်နာရမည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း မည်သည့် အန္တရာယ်ဖြစ်စေ နိုင်သော ပစ္စည်းကိုမျှ ထိုရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် ရေယာဉ်ဖြင့် သယ်ဆောင်ခြင်းမပြုရ။

၂၉။ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် -

(က) ကုန်စည် တင်ဆောင်သူက ပုဒ်မ ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ချိုးဖောက်၍ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်းရေကြောင်းသွား ရေယာဉ် ပေါ်သို့ တင်ဆောင်လျှင်သော် လည်းကောင်း၊ အထုပ်အပိုးတွင် ပါဝင်သော ပစ္စည်း သည် ရေယာဉ်နှင့် ခရီးသည်များအား အန္တရာယ် ဖြစ်စေနိုင်လျှင်သော်လည်းကောင်း ထိုထည့်သွင်းသော အထုပ်အပိုး အပါအဝင် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်း တစ်စုံ တစ်ရာကို စွန့်ပစ်ခွင့်ရှိသည်။

၃၀။ မည်သည့် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မျှ -

(က) ခရီးသည်များ အသက်အန္တရာယ် ကာကွယ်ရေး အတွက် ခွင့်ပြုထားသည့် ခရီးသည် အရေအတွက် အတိုင်း အသက်ကယ် ပစ္စည်းများ စီမံထားရှိခြင်း မရှိဘဲ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းခြင်း မပြုရ

(ခ) ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင် ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထား သော ခရီးသည်ဦးရေ ထက်ကျော်လွန်၍ သော်လည်းကောင်း၊ ဝန်တင်မျဉ်းအမှတ် အသား မြုပ်သည်အထိသော်လည်းကောင်း ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ခြင်းမပြုရ။

(ဂ) သူတစ်ဦးဦးက ပြင်ဆင်ပြောင်းလဲမှတ်သားထားသည့်၊ ဖုံးကွယ်ထားသည့်၊ ပုံသဏ္ဌာန် ဖျက်ထားသည့် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ထားသည့် ဝန်တင်မျဉ်းအမှတ် အသားဖြင့် ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းခြင်း မပြုရ။

၃၁။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်တို့သည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ခွင့်ပြုထားသော ခရီးသည်ဦးရေထက် ကျော်လွန်၍ တင်ဆောင်ပါက ထိုသို့ ကျော်လွန်သည့် ခရီးသည်တစ်ဦးစီအတွက် ခရီးသည် လက်မှတ်ခ ၏ ၁၀ ဆကို ဒဏ်ကြေးငွေအဖြစ် ဦးစီးဌာနသို့ ပေးဆောင်စေရမည်ဖြစ်ပြီး ထိုသို့ကျော်လွန်သော ခရီးသည်များကို အနီးဆုံး သင့်လျော်ရာဆိပ်ကမ်းတွင် ရေယာဉ်ပေါ်မှ ချထားစေရမည်။ ထိုသို့ ချထားစေသည့် အစီအမံ များအတွက် ရေယာဉ်ပိုင်ရှင်က တာဝန်ယူဆောင်ရွက်ရမည့်အပြင် အဆိုပါ ချထားခြင်းခံရသော ခရီးသည်၏ ကျန်ရှိသော ခရီးစဉ်ပြီးဆုံး ရောက်ရှိသည်အထိ ကုန်ကျစရိတ်ကို ရေယာဉ်ပိုင်ရှင်က ကျခံရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၅ (က)(ခ)(ဃ)(င)(စ)(ဆ)(ဌ)(ထ) (ဓ)၊ အပိုဒ် ၂၆(က)(ခ)၊ အပိုဒ် ၂၇ (က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀(က)(ခ)(င)၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၅ (က)(ခ)(ဃ)(င)(စ)(ဆ)(ဌ)(ထ) (ဓ)၊ အပိုဒ် ၂၆(က)(ခ)၊ အပိုဒ် ၂၇ (က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀(က)(ခ)(င)၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃(က)(ခ)

အခန်း(၆)

ပတ်ဝန်းကျင် ညစ်ညမ်းမှုများ မဖြစ်စေရန် ကာကွယ်တားဆီးခြင်း

၃၃။ ဦးစီးဌာနသည် -

(က) ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန် အလို့ငှာ ရေယာဉ်များမှ ရေနံ သို့မဟုတ် ရေနံရောထားသော ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အခိုးအငွေ့ များနှင့် ညစ်ညမ်းစေသည့် ပစ္စည်းတစ်မျိုးမျိုးအား စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် မတော်တဆ ယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်း မဖြစ်စေရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအရ သတ်မှတ်ထားသော ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော

အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း ပြုရမည်။

( ခ ) ရေယာဉ်မှ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေသည့် အခိုးအငွေ့များ အန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ ရေနံနှင့် ရေနံ ရောထားသော ပစ္စည်းများနှင့် အခြားပစ္စည်းများကို ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်းနှင့် ယိုဖိတ်ခြင်း ရှိ မရှိ စစ်ဆေးရန်နှင့် လိုအပ်သလို အရေးယူဆောင်ရွက်ရန် စစ်ဆေးရေး အရာရှိများအား တာဝန်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၃၈(ခ)

၃၈။ စုံစမ်းစစ်ဆေးရေး အဖွဲ့သည် -

( ခ ) စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရန် ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များနှင့် သက်သေခံ စာရွက်စာတမ်း အထောက်အထားများကို လက်ခံခြင်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံ အက်ဥပဒေတို့ပါ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သမျှ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၃၈(ခ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၃၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အပိုဒ် ၄၀(က)

၄၀။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၃၉ အရ ခွင့်ပြုချက် တောင်းခံခြင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၄၀(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၄၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇

၄၁။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သည့် ရေယာဉ်ပိုင်ရှင် မဆို ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သည့် နိုင်ငံခြားရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မဆို ပုဒ်မ ၄၁ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ် မဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉(က)(ခ)

၅၃။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင် တစ်ဦးဦး၊ တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိတို့သည် တာဝန် ထမ်းဆောင်ချိန် တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ကြွေးကျန်များကို တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံ ရမည်။

၅၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၅၈။ ဤဥပဒေ ပုဒ်မ ၄၁ ပါ ပြစ်မှုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူ ပိုင်သော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၅)၊ အပိုဒ် ၂၅(န)၊ အပိုဒ် ၂၇(ဂ)၊

အခန်း(၇)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊

အခန်း(၉)၊ အပိုဒ် ၄၇၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ဂ)(ဇ)၊

အခန်း(၂)၊ အပိုဒ် ၅(က)(ခ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၂၂၊

အခန်း(၄)၊ အပိုဒ် ၂၄(က)(ခ)(ဂ)(ဃ)၊

အခန်း(၅) အပိုဒ် ၂၅(ဂ)(ဇ)(ဈ)(ည)(ဋ)(ဍ)(ပ)(ဏ)(တ)(ဒ)၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀(ဂ)(ဃ)(စ)၊ အပိုဒ် ၃၂၊

အခန်း(၆)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊

အခန်း(၇)၊ အပိုဒ် ၃၆ တို့နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂(ဌ)(ပ)(ဏ)(ထ)(ဓ)

အခန်း(၂)၊ အပိုဒ် ၄၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)၊

အပိုဒ် ၈(က)(ခ)(၁)(၂)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀(ခ)၊

အပိုဒ် ၁၁(ခ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(ခ)၊

အပိုဒ် ၁၆(ခ)(ဂ)

အခန်း(၃)၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀(က)(ခ)၊

အခန်း(၇)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)(ဂ)၊ အပိုဒ် ၃၉၊

အခန်း(၈)၊ အပိုဒ် ၄၀(ခ)၊

အခန်း(၉)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈၊

အပိုဒ် ၄၉၊ အပိုဒ် ၅၀၊

အခန်း(၁၀)၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄၊ အပိုဒ် ၅၇၊ အပိုဒ် ၆၀ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ပြည်တွင်းရေကြောင်းသွား

ရေယာဉ် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၇။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကို အမျိုးသားလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂:၀၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၈။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းခြင်းအား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်မ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် က ထောက်ခံအပ်ပါတယ်ရှင့်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူ ရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာ ပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဟာရှိန်းဘွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့်အဆိုက မြန်မာနိုင်ငံမှာ ဝေးလံသီခေါင်ပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်များမှာ ဖော်ထုတ်နေတဲ့ ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်တဲ့ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုပဲ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုတို့ဖြင့် ဖွဲ့စည်းထားပါတယ်။ တိုင်းဒေသကြီးများမှာ အများအားဖြင့် မြန်မာပြည်အလယ်ပိုင်းဒေသတွင်ရှိပြီး မြေပြန့်ဒေသများဖြစ်၍ ရှမ်းပြည်နယ်သည် ကုန်းမြင့် ဒေသများ အများဆုံးနှင့် တောင်တန်းဒေသများလည်း ရှိပါတယ်။ ကချင်မြောက်ဖျားဒေသ၊ စစ်ကိုင်းတိုင်း နာဂတောင်တန်းဒေသ၊ ချင်းပြည်နယ်ဒေသတို့ဟာ မြေပြန့်ဒေသ ရှားပါးပြီး တောင်တန်း

ဒေသ အများဆုံး တည်ရှိနေတာ တွေ့ရှိရပါတယ်။ ကျန်ပြည်နယ်များလည်း မြေပြန့်များပြီး တောင်တန်းဒေသများလည်း အထိုက်အလျောက် ရှိကြပါတယ်။

ယခင် န.ဝ.တ ခေတ်က တောင်တန်းဒေသများနှင့် ဝေးလံသီခေါင်တဲ့ဒေသများမှာ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုလည်း ဆောင်ရွက်နေ ကြောင်း ကြားသိနေရပါတယ်။ ဥပမာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၊ ကိုးကန့်ဒေသ၊ ဝ ဒေသများမှာ နိုင်ငံတော်နှင့် ယင်းဒေသရဲ့ဝင်ငွေများနှင့် လက်ဖက်စိုက်ခင်းများ နှစ်ရှည်ဥယျာဉ်ခြံမြေကြီးများကို စနစ်တကျ ငွေကုန်ကြေးကျခံပြီး လုပ်ဆောင်ခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုရှိ၍ ယင်းဒေသမှ ပြည်သူများ အသီးအပွင့်များကို ခံစားနေကြတာ တွေ့မြင်ကြားသိနေရပါတယ်။

လက်ဖက်ခင်းများ မျက်စိတစ်ဆုံး ရေပန်းကြီးများနှင့် အလိုအလျောက် ပက်ဖျန်းပေးတဲ့ပုံများ မြန်မာ့ရုပ်မြင်သံကြားများမှာ အမြဲလိုလို တွေ့မြင်နေရပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်လာရင် အဓိက ရေအရင်းအမြစ် လိုအပ်ပါတယ်။ ယင်းဒေသမှာ အသေးစားဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် လည်းကောင်း၊ တည်ဆောက်ပြီးမှ စိုက်ပျိုးရေးကို စနစ်တကျ လုပ်ကိုင်ကြတာ တွေ့ရပါတယ်။ အောင်မြင်မှုလည်း ရှိ၍ ဒေသခံများ လက်တွေ့အကျိုးခံစားနေကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အိန္ဒိယနိုင်ငံအရှေ့ပိုင်း နာဂ Land ဒေသရဲ့မြို့တော် ကိုဟီးမားနဲ့ စီးပွားရေးမြို့တော် တင်မာပူးဒေသတွေမှာ ဒါဟာ တောင်တန်းဒေသများ ဖြစ်ပြီးတော့မှ အဲဒီ တောင်တန်းဒေသများမှာ လှေကားထစ်လယ်ယာ ဖော်ထုတ်စိုက်ပျိုးခဲ့ကြတာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော်၊ ၁၉၆၄ ခုနှစ်ကတည်းက အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေကြတာ လေ့လာတွေ့ရှိရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင်လည်း တောင်တန်းဒေသများ ထူထပ်သော ကျွန်းများမှာ ကုန်းမြင့် လယ်ယာ၊ လှေကားထစ်လယ်ယာများကို စနစ်တကျ ဖော်ထုတ်ပြီး ရေသွင်း စိုက်ပျိုးတာကို နိုင်ငံတကာသတင်းများမှာ အားကျဖွယ် တွေ့မြင်နေရပါတယ်။ တရုတ်ပြည်၊ ယူနန်ဒေသ၊ တိဗက်ဒေသများမှာလည်း ကုန်းမြင့်လယ်ယာများ လှေကားထစ်လယ်ယာများမှ ဂျုံများ၊ စပါးများကို အောင်မြင်စွာ စိုက်ပျိုးလုပ်ကိုင်နေကြတာ လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်မှာလည်း မိမိတို့တစ်ဦးချင်းအလိုက်၊ ကျေးရွာအလိုက် ချောင်းပြင်ကျယ်များတွင် ကိုယ်ထူကိုယ်ထ ကြိုးစားပြီး ကုန်းမြင့်လယ်ယာ ဖော်ထုတ်ပြီး မြောင်းများသွယ်ယူ၍ စပါးကို အောင်မြင်စွာ စိုက်ပျိုးနေကြတဲ့ဒေသများ မြို့နယ်တိုင်းလိုလိုမှာရှိပါတယ်။ ယခုအခါ လူအားနဲ့လုပ်လို့ရတဲ့ဒေသတွေ ချောင်းပြင်ကျယ်ဒေသတွေမှာ မြေနေရာ မရှိသလောက် ဖြစ်နေပါတယ်။ လုပ်လို့ရတဲ့နေရာအားလုံး ဖော်ထုတ်ပြီး ဖြစ်ပါတယ်။ မြို့နဲ့အလှမ်းဝေးတဲ့ ကားလမ်းမပေါက်သေးတဲ့နေရာတွေမှာ များစွာ ကျန်ရှိနေပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်မှာ လယ်မျိုမြစ်နဲ့ကုလားတန်မြစ် ကမ်းနံဘေးမှာ ပတ်ဝန်းကျင်မှာ အများကြီး ကုန်းမြင့်လယ်ယာ ဖော်ထုတ်ဖို့ ကျန်နေပါသေးတယ်။ ကန်ပက်လက်မြို့နယ်မှာလည်း မုန်းချောင်းတစ်လျှောက် များစွာ ကုန်းမြင့်လယ်ယာ ဖော်ထုတ်ဖို့ ကျန်ရှိနေပါသေးတယ်။

ကျင်ဒွေးဒေသဟာ ကန်ပက်လက်မြို့နယ်ရဲ့ ကုန်းမြင့်လယ်ယာ အောင်မြင်ဆုံးဒေသတစ်ခုလည်း ဖြစ်ပါတယ်။ မင်းတပ်မြို့မှာလည်း ကုန်းမြင့်လယ်ယာဟာ ဧက (၅၀၀)ကျော်လောက် ရှိပါတယ်။ မတူပီမြို့နယ်မှာလည်း ဖနိုင်နှင့်ငလိုင်ဒေသဟာ ကုန်းမြင့်လယ်ယာ ဖော်ထုတ်ပြီး မြို့ကို စပါးပေးသွင်း

နေတာ တွေ့ရှိရပါတယ်။ ချောင်းပြင်ကျယ်ဒေသမဟုတ်တဲ့ တောင်ပေါ်/တောင်တန်းဒေသမှာ လှေကားထစ် တူးပြီး ဘယ်/ညာ ချောင်းငယ်များမှ ရေသွယ်ယူ၍ လှေကားထစ်လယ်ယာ စိုက်ပျိုးအောင်မြင်ခဲ့တဲ့ ဒေသများဟာ ချင်းပြည်နယ်မှာ ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်နဲ့ တွန်းဇံမြို့နယ် များမှာ အများဆုံး တွေ့မြင်ရပါတယ်။ လှေကားထစ်လယ်ယာ အောင်မြင်ဆုံးဒေသကတော့ ဟားခါး မြို့နယ် ချွန်ကျုံးဒေသ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရမယ့် ဒေသတွေဟာ အများအားဖြင့် ပြည်နယ်ဒေသများနဲ့ စစ်ကိုင်းတိုင်း နာဂတောင်တန်းဒေသ၊ မကွေးတိုင်း မင်းတုန်း၊ ငဖဲ၊ ရခိုင်ပြည်နယ် အမ်း၊ မြေပုံဒေသ တောင်ပေါ်ဒေသတွေဟာ ကုန်းမြင့်လယ်ယာဖော်ထုတ်ရမယ့်ဒေသတွေ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ အတွေ့အကြုံအရ စက်ယန္တရားတွေနဲ့ ဆောင်ရွက်ရာမှာ အမှန်တကယ် ရေသွယ်ယူရရှိနိုင်တဲ့ ချောင်းပြင်ကျယ်ဒေသများနဲ့ တောင်တန်း ပေါ်မှာဆိုရင် ချောင်းငယ်များ ဆည်ခံပိတ်ဆို့ပြီး ဆည်ငယ်များ တည်ဆောက်၍ ရေသွယ်ယူ ရရှိနိုင်မယ့် ဒေသတွေမှာ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ပေးနိုင်မယ်ဆိုရင် နိုင်ငံတော်ရဲ့ ဘတ်ဂျက် ကုန်ကျသလောက် ပြည်သူတွေအတွက်လည်း အကျိုးရှိမှာ ဖြစ်ပါတယ်ခင်ဗျား။

ရေမရနိုင်တဲ့ဒေသတွေမှာ မိုးကောင်းလယ်အဖြစ် စက်ယန္တရားကြီးတွေနဲ့ ဖော်ထုတ်တော့ မိုးမကောင်းတဲ့နှစ်၊ အချိန်နဲ့ မိုးမရွာရင် ယင်းကုန်းမြင့်လယ်ယာ ဖော်ထုတ်တဲ့နေရာဒေသမှာ ဘာမှ စိုက်ပျိုးလို့ မရပါဘူး။ အချိန်ကုန်၊ ငွေကုန်တဲ့အတွက် နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးမှုဖြစ်တယ်လို့ပဲ သုံးသပ်ရမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုဆိုရင် မြို့နဲ့အလှမ်းဝေးပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်နိုင်တဲ့ မြေဧကကို ချင်းပြည်နယ်မှာ ထောင်နဲ့သောင်းနဲ့ ချီပြီး ရှိနေပါတယ်။ ဥပမာ ကုလားတန်မြစ်ဝှမ်း၊ လယ်မျိုမြစ်ဝှမ်း၊ ဘွေနူးမြစ်၊ မဏိပူရမြစ်၊ မုန်းချောင်းနဲ့ ယောချောင်း၊ ကျန်ချောင်းငယ် များစွာရဲ့ ဘေး ဝဲ/ယာမှာ ဖော်ထုတ်ဖို့ဒေသတွေ အများကြီး ကျန်နေပါတယ်။ ယခုဆိုရင် စက်ယန္တရားတွေလည်း ရှိနေပြီး ကျေးရွာတွေကိုပါ ကားလမ်းများ ဖောက်လုပ်လာတဲ့အတွက် မြို့နယ်နဲ့ မြို့နယ်ရဲ့ အစွန်အဖျားဒေသတွေမှာ ကုန်းမြင့်လယ်ယာနဲ့ လှေကားထစ်လယ်ယာ ဖော်ထုတ်ရန် ဒေသ များသို့ အလွယ်တကူ သွားရောက်ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။ ချောင်းပြင်ကျယ်ဒေသများတွင် ချောင်းမကြီးမှ ရေသွယ်ယူ၍ ကုန်းမြင့်လယ်ယာများကိုလည်းကောင်း၊ ချောင်းငယ်များပိတ်၍ ဆည်ငယ် များ တည်ဆောက်ပြီး ရေသွယ်ယူ၍ လှေကားထစ်လယ်ယာများကိုလည်းကောင်း စိုက်ပျိုးနိုင်မယ့် တောင်ပေါ်ဒေသများမှာ အတွေ့အကြုံရှိပြီး ရင့်ကျက်တဲ့ ကျွမ်းကျင်ပညာရှင်များနဲ့ စနစ်တကျ ကွင်းဆင်း လေ့လာပြီး စီမံချက်နဲ့ လက်တွေ့ကျကျ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်မယ်ဆိုရင် ဝေးလံသီခေါင်ပြီး သွားလာရေးခက်ခဲတဲ့ ပြည်နယ်/တိုင်းဒေသရှိ တောင်တန်းဒေသများ ပေါ်၌ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ထိရောက်တဲ့ အကျိုးခံစားမှုများ ရရှိလာ ကြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကုန်မြင့်လယ်ယာနဲ့ ပတ်သက်လို့ ကျွန်တော့်မြို့နယ်ရဲ့ ပုံတွေကို PowerPoint နဲ့ အနည်းငယ် ရှင်းပြခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒါက ကျွန်တော်တို့ မင်းတပ်မြို့နယ်နဲ့ ၉ မိုင်ဝေးတဲ့ ထင်ချောင်းကျေးရွာရှိ

လယ်ယာမြေပေါ်မှာ အခုစနစ်အရ အရင်ကတော့ မနောသုခ စိုက်ပါတယ်။ အခုတော့ ပုလဲသွယ် စပါးမျိုးကို စိုက်ပျိုးဖို့ ပျိုးထောင်တဲ့ပုံဖြစ်ပါတယ်။ ဒါက စံကွက်ရိတ်တဲ့အခါမှာ တစ်ဧကကို ၁၅၆ တင်း အထိ ထွက်ရှိလာတာကို တွေ့ရှိရပါတယ်။ ဒါလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါလည်း ထင်ချောင်းက ပုလဲသွယ်စပါးမျိုးစေ့ကြဲတဲ့ ပညာရှင်တွေ လယ်ယာစိုက်ပျိုးရေး Corporation ကနေပြီးတော့မှ မျိုးစေ့ ကြဲချတဲ့ပုံ ဖြစ်ပါတယ်။ အဲဒါလည်း ထိုနည်းလည်းကောင်း ပါပဲ။ အဲဒါက ထင်ချောင်းက လယ်တွေကို မိုးရာသီမှာ ပုလဲသွယ်စပါးမျိုးကို သိပ္ပံနည်းကျ စိုက်ပျိုးတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်း စံလယ်ကြီးဒေသမှာ ဆင်းသုခစပါးမျိုးကို သိပ္ပံနည်းကျ စိုက်ပျိုးတဲ့ပုံ ဖြစ်ပါတယ်။ အဲဒါက စံလယ်ကြီးဒေသ၊ ထင်ချောင်း နဲ့ စံလယ်ကြီးမှာ စိုက်ပျိုးထားတဲ့ လယ်ယာတွေ ဖြစ်ပါတယ်။

အဲဒါကလည်း ပုလဲသွယ်စပါးကို စိုက်ပျိုးတဲ့အခါမှာ ရိတ်ရမယ့်အဆင့် ရောက်လာတဲ့စပါး၊ မှည့်လာတဲ့အချိန်ပဲ ဖြစ်ပါတယ်။ အဲဒါကလည်း စံလယ်ကြီးက စပါးမှည့်တဲ့ ချောင်းပြင်ကျယ်ပေါ့။ ချောင်းကနေပြီးတော့ ရေသွယ်ယူစိုက်ပျိုးတဲ့ ကုန်းမြင့်လယ်ယာ စံလယ်ကြီးဒေသက ဖြစ်ပါတယ်။ အဲဒါက မြို့နဲ့ မိုင် ၇၀ ဝေးပါတယ်။ အဲဒါက တိုက်နယ်အမှတ်(၁၄)က လင်စုမ်ဒေသမှာ ကုန်းမြင့် လယ်ယာ စပါးမှည့်နေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါလည်း ရို ကုန်းမြင့်လယ်ယာတွေ ဖြစ်ပါတယ်။ ဒါက လို့မွဆန် ကျေးရွာက ပျိုးထောင်ထားတဲ့ စပါးခင်းတွေ ဖြစ်ပါတယ်။ ဒါက လို့မွဆန်ကျေးရွာမှာ မနောသုခ စိုက်ထားတဲ့ စပါးခင်း ဖြစ်ပါတယ်။ ဒါက ရိုကျေးရွာက ချောင်းပြင်ကျယ်မှာ ရိုကျေးရွာမှာ စိုက်တဲ့ မနောသုခ စပါးခင်း ဖြစ်ပါတယ်။ ဒါက ရှစ်ဝသာကျေးရွာ ။ ဒါက မြို့နဲ့ မိုင် ၈၀ လောက်ဝေးတဲ့ ရှစ်ဝသာကျေးရွာ ကုန်းမြင့်လယ်ယာ စပါးခင်းတွေ ဖြစ်ပါတယ်။ ဒါက စပါးမှည့်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒါကလည်း ရှစ်ဝနူးရွာ။ ဒါ စပါးမှည့်နေတဲ့အချိန်တွေ ဖြစ်ပါတယ်။ ဒီလောက်ပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဝေးလံ သီခေါင်ပြီးတော့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်များမှာ ဖော်ထုတ်နေတဲ့ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်တဲ့ဒေသများနဲ့ ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မယ့်နေရာများကို ကျွမ်းကျင်ပညာရှင်များနဲ့ စနစ်တကျ ကွင်းဆင်း လေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ လယ်မြေပေါ်တွင် ပုလဲသွယ်စပါး မျိုးထောင်ရန် မျိုးဘောင်ဆွဲနေပုံ (ထ)




မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ လယ်မြေပေါ်တွင် ပုလဲသွယ်စပါး စိုက်ခင်းပုံ (ထ-၁)



မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ လယ်မြေပေါ်တွင် ပုလဲသွယ်စပါး စိုက်ခင်းများ ဖြစ်ထွန်းနေပုံ (ထ-၂)




**အချိန်၊ ၁၂:၂၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၂၁။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ ဦးဟာရှိန်းဘွေ၊ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးပေါ်လျှံလွင် မှ ထောက်ခံပါတယ်။

**အချိန်၊ ၁၂:၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့် လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူ ရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၂း၂၃ နာရီအချိန်တွင် ရပ်နားပါသည်။]